**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆို ပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၁၂)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ တနင်္လာနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပဉ္စမအကြိမ် မြန်မာ-ရုရှားအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန်ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေးကို ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်း ရယ်ရှဲသငြိကော့ဗ်တို့ ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

အဆိုပါ ကော်မရှင်အစည်းအဝေးကို သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့ဖြင့် အပိုင်းလေးပိုင်းခွဲ၍ကျင်းပသည်။

ကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့

**စာမျက်နှာ ၁၆ ကော်လံ ၁ ○**




**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ စာမျက်နှာ ၇ တွင် ဖော်ပြပါရှိပါသည်။

**ဘက်စုံအသုံးဝင် ကြံသီးနှံပင်**

ဆောင်းပါး စာ-၁၂ သို့


# ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး ခရီးစဉ်များ မကြာမီစတင်ပြေးဆွဲပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် အများပြည်သူလူထု ရထားဖြင့်ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အဓိကရထားလမ်းပိုင်းများဖြစ်သည့် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းများနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် သာမက

**စာမျက်နှာ ၁၄ ကော်လံ ၁** F



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်)

# ပြည်သူသာအမိ ပြည်သူသာအဖ

မြန်မာနိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှုဆောင်ရွက်ချက်များနှင့်အတူ ပေါ်ထွန်းလာသည့်တပ်မတော်သည် စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည့်အချိန်မှစ၍ ပြည်သူလူထု၏ကောင်းကျိုးကိုသာ အစဉ်ရှေးရှုသယ်ပိုးခဲ့သည်မှာ ယနေ့ကာလတိုင်ဖြစ်သည်။ ပစ္စုပ္ပန်ကာလတွင် တပ်မတော်သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ကာ ပြည်သူသာအမိအဖအရာဦးထိပ်ထားလျက်ရှိသည်။ အနာဂတ်တွင်လည်း တပ်မတော်သားတို့သည် ပြည်သူလူထု၏ကောင်းကျိုးများကိုသာ သယ်ပိုးနေမည်သာဖြစ်သည်။ တပ်မတော်သားမှန်သမျှသည် ပြည်သူလူထုကမွေးဖွားလာကြသူများဖြစ်၍ ပြည်သူသာအမိ၊ ပြည်သူသာအဖဟူသော ယုံကြည်ချက်၊ ခံယူချက်ဖြင့် ရပ်တည်နေမည်သာဖြစ်သည်။

တပ်မတော်၏အဓိကတာဝန်သုံးရပ်မှာလည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ဟူ၍ဖြစ်သည်။ လူတိုင်းတွင် အရေးကြီးဆုံးမှာကျန်းမာရေးဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ မိမိတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားတို့သည် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည်။ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ပင်လယ်ကမ်းရိုးတန်းရှိ မြို့ရွာများ၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ခရီးစဉ်(၁၉)ကြိမ်မြောက်ရှိခဲ့ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။ ထို့အတူ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ခရီးစဉ်ပေါင်း ၁၈ ကြိမ်ရှိခဲ့ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးအား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုခရီးစဉ်များအတွင်း ပြည်သူများ၏ဝမ်းသာကြည်နူးဖွယ် ကျေးဇူးတင်စကားများကိုလည်း ကြားသိကြရပြီးဖြစ်သည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်နယ်မြေများတွင်လည်း သက်ဆိုင်ရာဆေးဝန်ထမ်းတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုသာမက ပြည်သူများ သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည့်အခါတိုင်း အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ စားသောက်နေထိုင်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဤသည်မှာ တပ်မတော်သားတို့အနေဖြင့် ပြည်သူသာအမိ၊ ပြည်သူသာအဖဟူသောစိတ်ထားဖြင့် ပြည်သူ့အကျိုးပြုနေခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(ဗထူး) ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂၈)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် **"တပ်မတော်နှင့်ပြည်သူအကြား စည်းလုံးညီညွတ်မှုအားနည်းပါက တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တပ်ပြင်စည်းရုံးရေးဆောင်ရွက်ရာတွင် "ပြည်သူသာအမိ၊ ပြည်သူသာအဖ"ဟုသဘောထားပြီး တာဝန်ကျရာနယ်မြေဒေသအသီးသီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် သတင်း၊ နည်းပညာနှင့်ဆက်သွယ်ရေးကွန်ရက်စနစ်များ လျင်မြန်စွာဖွံ့ဖြိုးလာသည်နှင့်အတူ ဆန့်ကျင်ဘက်လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသည် လူမှုကွန်ရက်ကိုအသုံးပြုပြီး တပ်မတော်ကို နိုင်ငံရေးသိက္ခာကျအောင်၊ ပြည်သူလူထုယုံကြည်မှုပျက်ပြားအောင်နှင့်အထင်အမြင်လွဲမှားအောင် ထိုးနှက်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်။ ထိုသို့ထိုးနှက်တိုက်ခိုက်မှုများနှင့် အခြေအမြစ်မရှိသည့် ပြောဆိုရေးသားမှုများသည် တပ်မတော်အပေါ်မှာသာမက တစ်မျိုးသားလုံး၏စည်းလုံးညီညွတ်မှုအပေါ်၌ပါ ဆိုးရွားစွာထိခိုက်နိုင်သည်။ ထို့ကြောင့် တပ်မတော်သားများအနေဖြင့် ပြည်သူသာအမိ၊ ပြည်သူသာအဖ သဘောထားသကဲ့သို့ ပြည်သူများအနေဖြင့် တပ်မတော်နှင့်ပြည်သူသွေးခွဲနေသူမှန်သမျှကို သတိနှင့်ယှဉ်သိမြင်ကြရန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့်တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး(၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှအားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ရေး။**

**(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏လူမှုဘဝလုံခြုံရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၄-၂-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန်စီစဉ်လျက်ရှိ



ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်း အငူ၌ တည်ထားကိုးကွယ်သော ရှေး ဟောင်းသမိုင်းဝင် မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော် မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ လ ၂၇ ရက်မှစ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရန်စီစဉ်လျက်ရှိကြောင်း အဆိုပါ ဘုရားဂေါပကအဖွဲ့မှ သိရသည်။

ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီ တော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၁ ရက်(ဖေဖော်ဝါရီလ ၂၇ ရက်)မှ တပေါင်းလပြည့်နေ့(မတ်လ ၁၃ ရက်)အထိ ကျင်းပမည်ဖြစ်ပြီး ယခုအခါ ဘုရားရင်ပြင်တော် တိုးချဲ့ခြင်းလုပ်ငန်း များ ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် ဘုရားဖူးပြည်သူများအနေဖြင့် ရင်ပြင် တော်ပေါ်နှင့် ရင်ပြင်တော်အောက်ရှိ နားနေရန်နေရာများ၌ စိတ်အေးချမ်းသာ စွာ အနားယူနိုင်ပြီဖြစ်သည်။

"ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပနေကျ အတိုင်းပဲ တပေါင်းလဆန်း ၁ ရက်ကနေ တပေါင်းလပြည့်နေ့အထိ ၁၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမှာဖြစ်ပါ တယ်။ အဲဒီလို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ဖို့၊ ဘုရားဖူးလာပြည်သူတွေ အတွက် တည်းခိုနေထိုင်ရေးအပါအဝင် အစစအရာရာအဆင်ပြေစေဖို့ လိုအပ်တဲ့ ကော်မတီတွေကို စနစ်တကျဖွဲ့စည်းပြီး တော့ စီစဉ်ဆောင်ရွက်နေပါတယ်" ဟု ငပုတောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။

ထို့ပြင် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကို ဘုရားဖူးလာပြည်သူများ ကုန်းလမ်းသာမက ရေလမ်းမှတစ်ဆင့် လည်း အဆင်ပြေချောမွေ့စွာ သွားလာ နိုင်စေရေးအတွက် ပုသိမ်ဆိပ်ကမ်းမှ ပုသိမ်သူ၊ ရွှေစင်ကြယ် စသည့် ရုပ်ပြေး ရေယာဉ်များ ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ပဲခူးတိုင်းဒေသကြီး မြို့နယ်ခြောက်မြို့နယ်ရှိ ကျေးရွာများမှ နေအိမ်များအား လေပြင်းဒဏ်ခံနိုင်ရည်ရှိစေရန် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

ပဲခူး ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး မြို့နယ်ခြောက် မြို့နယ်ရှိ ကျေးရွာများမှ နေအိမ်များကို လေပြင်းဒဏ်ခံနိုင်ရည်ရှိစေရန် မွမ်းမံ ပြင်ဆင်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် မကုန်မီ အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးတိုင်း ဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲ မှုဦးစီးဌာနမှ ကြီးမှူးပြီး ဧပြီလနှင့်မေလ စသည့်မိုးကြိုကာလများတွင် ဖြစ်လေ့ ဖြစ်ထရှိသော လေပြင်းဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရန် ယခုဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ အိမ် ခြေပေါင်း ၁၅၀၀ ကို လိုအပ်သည့်ပံ့ပိုး ကူညီမှုများနှင့် အသိပညာပေးမှုများ ဆောင်ရွက်မည်ဖြစ်သည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းမှာ လေ ပြင်းဒဏ်ခံနိုင်တဲ့ နေအိမ်တွေဖြစ်စေဖို့ နှစ်စဉ် မိုးကြိုကာလမတိုင်မီ ဇန်နဝါရီလ ကစပြီး အစည်းအဝေးတွေ၊ စာရင်း ကောက်ယူတာတွေ ပြုလုပ်ပြီး လျာထား ချက်တွေ၊ စီမံချက်တွေရေးဆွဲပါတယ်။ အဲဒီနောက် နေအိမ်တွေကို လေပြင်း ဒဏ်ပိုမိုခံနိုင်ရည်ရှိအောင် မွမ်းမံပြင်ဆင် ခြင်းလုပ်ငန်းတွေကို မတ်လမကုန်မီ အပြီး ဆောင်ရွက်တာပါ။ ဒီဘဏ္ဍာနှစ်မှာ ပဲခူး တိုင်းဒေသကြီးအတွင်းက မြို့နယ်ခြောက် မြို့နယ်မှာ တစ်မြို့နယ်ကို အိမ်ခြေ ၂၅၀ နှုန်းနဲ့ စုစုပေါင်းအိမ်ခြေပေါင်း ၁၅၀၀ ကို လိုအပ်တဲ့ပံ့ပိုးမှုတွေနဲ့ အသိပညာပေးမှု တွေ ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ပဲခူး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးသန်းစိုးကပြောသည်။

ယခုဘဏ္ဍာနှစ်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ပန်းတောင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်၊ သာယာဝတီခရိုင် အတွင်းရှိ သာယာဝတီမြို့နယ်၊ မိုးညို မြို့နယ်နှင့် ဇီးကုန်းမြို့နယ်၊ ပဲခူးခရိုင် ကဝမြို့နယ်တို့ရှိ ကျေးရွာများမှ နေအိမ် များအား လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိ စေရန် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်ရှိတွင် ၄၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ် သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးရွာများ ရှိ ပြုပြင်ရန်လိုအပ်သည့်နေအိမ်များကို ဝါးထရံ၊ ဝါးကပ်၊ မျှောတိုင်နှင့် အိမ်မိုး သက်ငယ် စသည့်အိမ်ဆောက်ပစ္စည်း များဖြင့် နေအိမ်များ၏လိုအပ်ချက်အပေါ် မူတည်ကာ ပံ့ပိုးကူညီပေးပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း ၍ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မအူပင်မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်စုံ ၁၄၃၆၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မအူပင် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မအူပင် မြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီ တွင် ဟင်းသီးဟင်းရွက်စုံ ၁၄၃၆၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း၏ပြောဆိုချက် အရ သိရသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စုံ ၁၄၃၆၅ ဧကကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလပထမပတ် က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၄၃၆၅ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်စုံ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူ များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

"ဒီဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ မအူပင်မြို့နယ်အနေနဲ့ ဟင်းသီးဟင်းရွက် စုံဧက ၁၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ တောင်သူတွေ ဟင်းသီးဟင်းရွက် တွေစိုက်ပျိုးရာမှာလည်း အထွက်နှုန်း ကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့နဲ့ ဈေးကွက်ဝင်တဲ့သီးနှံတွေစိုက်ပျိုးနိုင်စေ ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက် တစ်ချက်က တောင်သူတွေ စိုက်ပျိုးမယ့် သီးနှံတွေ ပိုးမွှားရောဂါကင်းရှင်းစေဖို့အပါ အဝင် တခြားနည်းပညာပေးလုပ်ငန်းတွေ ကိုလည်း ကြိုတင်ဆောင်ရွက်ပေးထားပါ တယ်" ဟု ဦးဇော်မင်းထွန်းကပြောသည်။

ထိုသို့ ဟင်းသီးဟင်းရွက်စုံ ၁၄၃၆၅ ဧက စိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ်၊ ခဝဲ စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရ သည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ် ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေ ကောင်းမြေသန့်ဖြစ်စေရေး မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရန်၊ စိုက်ပျိုးရေအပြည့်အဝရရှိရန်၊ ရာသီဥတု နှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်နှင့် တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက် ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း သိရသည်။

**သုတကျော်**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ငှက်ဖျားပျောက်၍ ဆေးရုံမှဆင်းလာပြီး ခွင့်တစ်လယူထားသည့်အခိုက်တွင် ကျွန်ုပ်သည် ရွှေမျက်မှန်တစ်လက်၊ (ထိုခေတ်မှာ ရွှေမျက်မှန်တပ်လျှင် ဂုဏ်ရှိသည်ထင်ကြ၍ ဘီအေတိုင်းလိုပင် တပ်ကြသည်။) ချယ်ရီတုတ်ကောက်တစ်ချောင်း၊ ဆိတ်သားရေလက်အိတ်ဖြူတစ်စုံ၊ (ထိုခေတ်က ဗိုလ်မများစွပ်ကြသည်။) ခေါင်းပေါင်းအလဲလဲ (ဘီအေပေါင်းတော့ မတတ်သေး။ ရန်ကုန်ရောက်မှ တတ်ပါသည်။) အဆင်ကြောင်သော ပိုးလုံချည်၊ ဖဲလုံချည် အလဲလဲ (ဖဲလုံချည်မှာ အလွန်တောက်ပြောင်၍ ဤခေတ်တွင် ယောကျ်ားများ မဝတ်ကြတော့ပေ။) ကောင်းပေ့ဆိုသည့် ဆက္ကာဖုံး ဘွတ်ဖိနပ်၊ (ထိုခေတ်၌ လူတစ်ယောက်နှင့်တစ်ယောက်သည် တခြားအရာကိုမကြည့်။ ဖိနပ်ကို ရှေးဦးစွာ လှမ်းကြည့်သည့်တိုင်အောင် ဖိနပ်ကောင်းပြိုင်ကြသောခေတ်ဖြစ်သည်။ တစ်နည်းဆိုသော် ဖိနပ်ကောင်းစီးနိုင်မှ ခေတ်မီသည်ဟု ယူဆကြသည်။) ရှပ်အင်္ကျီလက်မှာ ကြွေတိုက်စိန်တုလုပ်ထားသည့် ဖန်ရှပ်ကြယ်သီး၊ ခေါင်းပေါင်းစရှည်၊ ပိုးအစစ်ခြေအိတ်၊ ဆတ်ချဲသက္ကလတ် နက်ပြာရောင်ကောင်းကောင်း စသည်တို့ကို အလဲလဲဝတ်ဆင်၍ လမ်းလျှောက်လေသည်။ ဆိတ်သားရေလက်အိတ်ဖြူမှတစ်ပါး တခြားသောအဝတ်အစားများ၊ အဆင်အပြင်များမှာ မလျော်သည်မဟုတ်။ သူ့ခေတ်တွင် ရှေ့ဆုံးမှ ပြေးခြင်းမျှသာဖြစ်သောကြောင့် ကျွန်ုပ်အကြောင်းကို တစ်လျှောက်လုံး သိသူများက ပြုံးကြသော်လည်း တစ်ရံဆံလူများက မော်၍ကြည့်ကြရသည်။

အဝတ်အစားတွင်သာမက စိတ်ထဲကလည်း ငါလုပ်လျှင် ဘာမဆိုအောင်မြင်ရမည်ဟု ထင်မြင်လျက်ရှိရာ စံဒေဝီကို ရဲရဲကြည့်၍ပြုံးခြင်းအတွက်ကြောင့် မိခင်ထံသို့လာပြီး ငိုရှာပုံကိုလည်း အထက်တွင်ဖော်ပြခဲ့ပါပြီ။ ထိုစဉ်အခါက စံဒေဝီနှင့် နှမကလေးတို့ ယှဉ်ထိုင်နေကြသည့် အခွင့်အရေးမျိုးကြုံရလျှင် ဝင်၍မေးရုံသာမက လက်ကိုပင် ဆွဲဝံ့လိမ့်မည်ထင်သည်။ သို့ဆိုလျှင်လည်း အောင်မြင်မည်ဖြစ်ကြောင်းကို နောက်အကြောင်းအရာများက သက်သေခံလျက်ရှိသည်။

**"ကျွန်ုပ်ကလည်း သူတို့၏ ဘီအေအတန်းစာများကို မသင်ဖူးသဖြင့် မကျွမ်းကျင်သော်လည်း အင်္ဂလိပ်ဝတ္ထုများနှင့်ပတ်သက်၍မူ ရွယ်တူလျှင်မကြောက်ဟု ကိုယ့်ဟာကိုယ် ယုံကြည်စိတ်ချထားသည့်အလျောက် (ဘီအေကျောင်းသားတွေဆိုရုံနှင့်) ရွံ့ကြောက်ခြင်းမရှိဘဲ ရဲရဲတင်းတင်းထင်မြင်ချက်ပေးတော့သည်။ သူတို့ ဖတ်ဖူးသည့်စာအုပ်များကို ကျွန်ုပ် အားလုံးလိုပင်ဖတ်ဖူး၍ ကျွန်ုပ်ဖတ်ဖူးသောစာအုပ်များအကြောင်းကို တီးခေါက်ကြည့်သောအခါ၌မူ သူတို့က "ကျွန်တော်တို့က ကျောင်းသားတွေရှိပါသေးတယ်ဗျာ။ ခင်ဗျားလို စာစုံအောင် မဖတ်ရသေးပါဘူး။ ကျောင်းစာကလည်း တစ်ဖက်ကိုးဗျ"ဟု ပြောကြလေသည်..."**

### မိတ်ဆွေသစ်များ

ရယ်စရာတစ်ခုဖြစ်ရပုံကို ဖော်ပြလိုသေးသည်မှာ ကျွန်ုပ်သည် ရန်ကုန်သို့ မင်းကြီးနှင့်ရောက်ခဲ့စဉ်က ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သည့် မောင်ရီ၊ (စက်ရှင်တရားသူကြီး ဖြစ်လာသည်။) ကိုဝင့်မော် (သစ်တောဝန်ထောက်ဖြစ်လာသည်။) နှင့် ကိုဖူးညို (ငွေတိုက်ဝန်ထောက်ဖြစ်လာသည်။)တို့အား ၎င်းတို့၏ကျောင်းသို့သွား၍ တွေ့ဖူး၏။ ကိုဝင့်မော်မှာ မဂိုလမ်းတိုက်ခန်းတစ်ခုတွင် ကိုထွန်းရှိန်၊ ကိုကွန်းတည်းဟူသော (ဘီအေအတန်းတွင် သင်လျက်ရှိသည့်) ကျောင်းသားနှစ်ယောက်နှင့်အတူ အခန်းငှား၍ နေထိုင်လျက်ရှိရာ ကိုဝင့်မော်က မိတ်ဆက်ပေးခြင်းကြောင့် ထိုလူနှစ်ယောက်နှင့် ကျွန်ုပ် သိကျွမ်းရုံမက ကျွန်ုပ် ရန်ကုန်၌ရှိခိုက်တွင် ခဏခဏတွေ့၍ အတူလည်ပတ်ကြဖူးသည်။ ထိုလူသုံးယောက်စလုံးမှာ ကျွန်ုပ်နှင့်အတူ ကိုးတန်းတစ်နှစ်တည်းအောင်ခဲ့သူများ ဖြစ်သည့်အလျောက် ကိုဝင့်မော်က ကျွန်ုပ်အား ထိုလူနှစ်ယောက်နှင့် မိတ်ဆက်ပေးရာတွင် ကျွန်ုပ်မှာ သူတို့ကဲ့သို့ ကောလိပ်ကျောင်းမရောက်သော်လည်း အလွန်စာဖတ်သူတစ်ယောက်ဟူ၍ ပြောပြ၏။ ဤတွင် ကိုထွန်းရှိန်နှင့် ကိုကွန်းတို့သည် မန္တလေးသားတစ်ယောက်ကို 'ဆတ်' ကြည့်လိုက်ရဦးမည်ဟူသောရည်ရွယ်ချက်ဖြင့် အင်္ဂလိပ်ဝတ္ထုကြီးများနှင့်ပတ်သက်၍ ကျွန်ုပ်၏ အယူအဆများကို တီးခေါက်စုံစမ်းကြ၏။ ကျွန်ုပ်ကလည်း သူတို့၏ ဘီအေအတန်းစာများကို မသင်ဖူးသဖြင့် မကျွမ်းကျင်သော်လည်း အင်္ဂလိပ်ဝတ္ထုများနှင့် ပတ်သက်၍မူ ရွယ်တူလျှင်မကြောက်ဟု ကိုယ့်ဟာကိုယ် ယုံကြည်စိတ်ချထားသည့်အလျောက် (ဘီအေကျောင်းသားတွေဆိုရုံနှင့်) ရွံ့ကြောက်ခြင်းမရှိဘဲ ရဲရဲတင်းတင်း ထင်မြင်ချက်ပေးတော့သည်။ သူတို့ဖတ်ဖူးသည့်စာအုပ်များကို ကျွန်ုပ် အားလုံးလိုပင်ဖတ်ဖူး၍ ကျွန်ုပ်ဖတ်ဖူးသော စာအုပ်များအကြောင်းကို တီးခေါက်ကြည့်သောအခါ၌မူ သူတို့က "ကျွန်တော်တို့က ကျောင်းသားတွေရှိပါသေးတယ်ဗျာ။ ခင်ဗျားလို စာစုံအောင် မဖတ်ရသေးပါဘူး။ ကျောင်းစာကလည်း တစ်ဖက်ကိုးဗျ" ဟု ပြောကြလေသည်။ မည်သို့ပင်ဖြစ်စေ ကိုဝင့်မော်က "ကျုပ်တို့မန္တလေးသားက မခေဘူးဗျ" ဟု ပြောလိုက်ရာတွင် ထိုလူနှစ်ယောက်က လိုက်လှဲစွာ ဝန်ခံကြပါပေသည်။ (ထိုခေတ်ကမူ စာသမားချင်းဆုံမိကြ၍ နီးနှောတိုက်ဆိုင်ကြည့်ရာတွင် အင်္ဂလိပ်ဝတ္ထုကြီးများ (Classics) စုံစုံလင်လင်ဖတ်ဖူးသူမှာ ဂုဏ်ကြီးတစ်ခု ဖြစ်လေသည်။ ထိုမျှမက ယင်းစာအုပ်များနှင့်ပတ်သက်၍ တော်တော်ခြေခြေမြစ်မြစ်ရှိအောင် ထင်မြင်ချက်ပေးတတ်ခြင်းမှုကား ရောမဂုဏ်ကြီးတစ်ခု ဖြစ်ပါတော့သည်။ ထိုလူနှစ်ယောက်အနက် ကိုကွန်းမှာ နောင်တွင် ဘိလပ်မှ ဝတ်လုံဖြစ်လာ၍ ကိုထွန်းရှိန်မှာ မန္တလေးမြို့ ဗုဒ္ဓဘာသာ ကျောင်းအုပ်ကြီးဖြစ်လာပါသည်။)

### ဘဝင်မြင့်သော်လည်း မဆိုးလှ

'ဘဝင်မြင့်' လျက်ရှိသောအချိန်က ကျွန်ုပ်သည် စံဒေဝီတို့အရပ်မှ လမ်းလျှောက်ပြန်လာ၍ ဗုဒ္ဓဘာသာကျောင်းအနီးသို့ရောက်ရာတွင် ကျောင်းအုပ်ဖြစ်နေသော ကိုထွန်းရှိန်ကို သတိရသည်နှင့် နှုတ်ဆက်ဦးမည်ဟု ချိုးဝင်ခဲ့သည်။ အချိန်မှာ ကျောင်းအားချိန်ဖြစ်သည်နှင့် ကျောင်းအုပ်ကြီးနှင့် တခြားဆရာများသည် အခန်းတစ်ခန်းတွင် အတူတကွထိုင်လျက်ရှိကြ၍ ကိုထွန်းရှိန်က ဆရာများအား လက်ချာပေးနေသည့်လက္ခဏာရှိ၏။ ကျွန်ုပ်သည် ရွှေမျက်မှန်၊ တုတ်ကောက်၊ လက်အိတ်ဖြူတို့နှင့်တကွ ဝတ်ကောင်းစားလှဝတ်လျက် 'ဆက္ကာဖုံး' ဖိနပ်ကို ရဲရဲနင်းကာ ဝင်သွားရာတွင် ကိုထွန်းရှိန်သည် ရန်ကုန်၌တွေ့ခဲ့စဉ်က 'ကိုဖေသိန်း' နှင့် မတူသောကြောင့် ယီးတီးယားတားဖြစ်၍ ငေးကြည့်နေသေး၏။ ဤတွင် ကျွန်ုပ်က လက်အိတ်တစ်ဖက်ကို ချွတ်ကာ "ကိုယ့်လူ ကျုပ်ကို မမှတ်မိဘူးလား။ ဖေသိန်းလေဗျာ" ဟု အင်္ဂလိပ်လိုပြောလျက် လက်ကိုဆန့်တန်းပေးလိုက်ရာ ကိုထွန်းရှိန်သည် ကပျာကယာထလာ၍ ကျွန်ုပ်၏လက်ကို ဝမ်းသာအားရဆွဲလှုပ်လေ၏။ ထို့နောက် ကျွန်ုပ်အား နေရာထိုင်ခင်းပေး၍ ကိုဝင့်မော်အကြောင်း၊ ကိုကွန်းအကြောင်း စသည်များကို အင်္ဂလိပ်လိုပြောကြလေရာ ကိုထွန်းရှိန်က တစ်ချက်တစ်ချက်တွင် မြန်မာလိုညှပ်သော်လည်း ကျွန်ုပ်က မြန်မာစကားလုံးဝမသုံးသောကြောင့် သူလည်း အင်္ဂလိပ်လိုချည်း ပြောရတော့သည်။ ကျောင်းဆရာများမှာ ကျွန်ုပ်နှင့် အားလုံးသိကြသူများဖြစ်၍ ကျွန်ုပ်လုပ်ပုံတွေကို ပါးစပ်ဟောင်းလောင်းနှင့် ငေးကြည့်လျက်ရှိကြရာ ကျွန်ုပ်က တစ်ယောက်တလေအား ဦးခေါင်းဆတ်လျက် နှုတ်ဆက်သည်တွင် ကိုထွန်းရှိန်က ၎င်းတို့ဘက်သို့လှည့်ပြီး "နောက်မှ ဆက်ပြောကြသေးတာပေါ့ ဆရာတို့" ဟုဆိုကာ သွားခွင့်ပြုလိုက်လေ၏။ ကျွန်ုပ်နှင့် ကိုထွန်းရှိန်တို့လည်း ကျောင်းတက်ချိန်တိုင်အောင် ဆက်လက်၍ အင်္ဂလိပ်လိုပြောလျက်ရှိကြရာ ကျောင်းဆရာများမှာ စပါးကြီးမြွေညို့သော ယုန်များကဲ့သို့ အခန်းပြင်ဘက်မှ တရစ်သီသီလုပ်ကာ ကျွန်ုပ်အား ကြည့်လိုက်ကြ၊ သူတို့အချင်းချင်း ကြည့်လိုက်ကြ၊ တီးတိုးစကားပြောလိုက်ကြ လုပ်နေကြလေတော့သည်။ ကျောင်းတက်ချိန်တိုင်ခါမှ ကျွန်ုပ်က ကိုထွန်းရှိန်အား စတိုင်ကျကျ လက်ဆွဲနှုတ်ဆက်၍ ထွက်လာခဲ့လေရာ ကျောင်းဆရာများမှာ မျက်လုံးများပြူးကြရသည်နှင့်ပင် မျက်စိနာကြမည်ကို စိုးရိမ်ရပါသေးသည်။ သူတို့သည် ကျောင်းဝင်းထဲမှ ထွက်လာသောကျွန်ုပ်အား မျက်စိတစ်ဆုံး ရပ်ကြည့်နေကြခြင်းကို ကျွန်ုပ်က လှည့်ကြည့်သဖြင့် မြင်ခဲ့ရပါသေးသည်။

### ကိုထွန်းရှိန်က အကဲခတ်ပုံ

အထက်ပါအဖြစ်အပျက်တွင် ကျောင်းဆရာများ (ကျောင်းနေဖက်သူငယ်ချင်းများလည်း ပါဝင်သည်။) နှင့် ကျောင်းအုပ်ကြီး ဦးထွန်းရှိန်တို့၏ အမူအရာများနှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ စဉ်းစားစရာ၊ သင်ခန်းစာယူစရာများပါရှိသည်ဖြစ်သောကြောင့် ကျွန်ုပ်၏မှတ်တမ်းကို ခုနစ်နှစ်ခန့်မျှ ခေတ္တကျော်လွှား၍ ၎င်းတို့အကြောင်းကို ဆက်လက်ဖော်ပြလိုပေသေးသည်။ ဦးထွန်းရှိန်နှင့်ခွဲခွာ၍ ထွက်လာသောအချိန်၌မူ ကျွန်ုပ်မှာ 'ဘဝင်မြင့်' ရောဂါအရှိန်ရှိနေသေးသည် ဖြစ်သောကြောင့် ဦးထွန်းရှိန်၏မျက်နှာထားကိုလည်းကောင်း၊ ကျောင်းဆရာများ၏ မျက်နှာထားကိုလည်းကောင်း ကျွန်ုပ် သတိပြုမိသော်လည်း "ဒီလူတွေ ငါ့ကို တော်တော်လန့်သွားကြသည်။ အံ့ဩသွားကြသည်။ မှတ်လေရော့ဟ။ ငါ့အကြောင်း သိကြလေရော့ဟ" စသည်များဖြင့် ကိုယ့်ဟာကိုယ် အလွန်ကျေနပ်လာခဲ့ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

## ကော့မှူးမြို့နယ်၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ လိုက်လံငှားရမ်းပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ လိုက်လံငှားရမ်းပေးခြင်းကို ဖေဖော်ဝါရီလ ၂၂ ရက်က ငှက်အော်စမ်းကျေးရွာ လူငယ်သင်တန်းကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်ယာဉ်ပေါ်၌ စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် သုတ/ရသ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြစာအုပ်စုစုပေါင်း ၂၀၀၀ ကျော်ပါရှိကြောင်း၊ ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ်ပြည့်ပါက စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ်ငှားရမ်းပေးလျက်ရှိပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်၌လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်း၊ လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ စာဖတ်ဝိုင်းများ၊ ပြိုင်ပွဲများ၊ အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းများ၊ သုတ/ရသ စာအုပ်စာစောင်ပြသခြင်းများနှင့် Talk Show ရိုက်ကူးတင်ဆက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ်သို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် ဦးနေမျိုးလှိုင် တက်ရောက်






နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့သော "တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ် (3rd Future Technologies Forum)" သို့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် ဖေဖော်ဝါရီလ ၂၀ ရက်က "တတိယအကြိမ်မြောက် အနာဂတ်နည်းပညာဖိုရမ် (3rd Future Technologies Forum)" တက်ရောက်ကြသူများအား ကြိုဆိုဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ဖေဖော်ဝါရီလ ၂၁ ရက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ World Trade Centre ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတ ဗလာဒီမာပူတင် ဦးဆောင်ကျင်းပသည့် တတိယအကြိမ်မြောက် အနာဂတ်နည်းပညာများဖိုရမ် (3rd Future Technologies Forum) ၏ မျက်နှာစုံညီအစည်းအဝေး (Plenary Session)သို့ ကမ္ဘာ့အရပ်ရပ်မှ တက်ရောက်လာကြသည့် ထိပ်တန်းအစိုးရအရာရှိကြီးများ၊ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် သုတေသနစင်တာများမှ သိပ္ပံပညာရှင်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

ဖိုရမ်ကို ယနေ့လက်ခံကျင့်သုံးနေသည့် Horizon များ၏ အလွန်တွင် ထပ်မံဖြစ်ပေါ်တိုးတက်လာမည့် Horizon များကို အတူတကွရှာဖွေနိုင်ရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖိုရမ်အတွင်း မော်စကိုမြို့အား တိုးတက်ပြောင်းလဲစေသည့် ရုပ်ဝတ္ထုအသစ်များကို မိတ်ဆက်ပေးခြင်းအပြင် အနာဂတ်ရုပ်ဝတ္ထုပစ္စည်းများ (Materials of the Future) ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် Panel Discussion ကိုလည်း ထည့်သွင်းကျင်းပခဲ့ပြီး ထင်ရှားကျော်ကြားသည့် ဓာတုဗေဒပညာရှင် သုံးဦးက မဝေးတော့သည့် အနာဂတ်ကို သယ်ဆောင်လာမည့် မြို့ပြဝန်းကျင်ကို ပြောင်းလဲတိုးတက်စေသော ရုပ်ဝတ္ထုပစ္စည်းအသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဖိုရမ်အပြီးတွင် ဒုတိယဝန်ကြီးများနှင့် အဖွဲ့သည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ယမန်နေ့ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်စနစ်များ စိုက်ပျိုးရေပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သနပ်ပြင်ကျေးရွာရှိ ငမိုးရိပ်ဆည်ရေသောက်စနစ် နွေစပါးစံပြ ၁၄၈ ဧကစိုက်ကွင်းကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစဉ် တာဝန်ရှိသူများက ငမိုးရိပ်ဆည်ရေသောက်စနစ် စိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေပေးဝေရာတွင် ရေအလေအလွင့်မရှိစေရေး၊ ဖော်ထုတ်ပြီး စက်မှုလယ်ယာစနစ်တကျလယ်မြေများတွင် စံပြကွက်များအဖြစ် စိုက်ပျိုးရေးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက်ထန်းတပင်မြို့နယ်(တက်သစ်ကျွန်း) အတွင်းရှိ ပန်တိုင်(၁)ရေတံခါးသို့ရောက်ရှိပြီး ဒုတိယဝန်ကြီးက ရေတံခါးများ ကြံ့ခိုင်မှု၊ ရေသွင်းရေထုတ်မြောင်းများ တိမ်ကောမှုမဖြစ်စေရန် ဆောင်ရွက်ထားရှိမှု၊ ဒိုက်ဗေဒါများ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေးထိန်းသိမ်းဆောင်ရွက်နေမှု၊ နွေစပါးလျာထားစိုက်ဧကများပြည့်မီရေးတွန်းအားပေးဆောင်ရွက်နေမှု၊ ဆတ်ကလေးကွင်း၊ ကျားဟုန်းကွင်း၊ ပက်အင်းကလေးကွင်းအတွင်း နွေစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထန်းတပင်မြို့နယ်အတွင်း ရေဘေးကာကွယ်ရေးတာများ သတ်မှတ်အမြင့် ACL ပြည့်မီအောင် ထိန်းသိမ်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးစိုက်ဧက ၂၅၀၀၀၀ ကျော်နှင့် အခြားသီးနှံစိုက်ဧက ၅၂၀၀၀၀ ကျော်လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# မြစ်သားမြို့နယ်၌ ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ပြည်ထောင်စု) သွင်းအားစုပေးအပ်



မြစ်သား ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု) သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က အဖွင့်အမှာစကားပြောကြားရာ ဆောင်းသီးနှံအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်ကောင်းမျိုးများပြောင်းလဲစိုက်ပျိုးရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးက စီမံကိန်းလုပ်ငန်းကို စုဖွဲ့စနစ်ဖြင့်ဆောင်ရွက်စေရန်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားစေရန်၊ ဒေသထွက်ကုန်ကိုအခြေခံပြီး စီးပွားရေးလုပ်ငန်းများလည်ပတ်စေရန်၊ စီးပွားရေးအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရန်၊ ဒေသအတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ဒေသအတွင်းအထောက်အကူပြုစေရန် ဆွေးနွေးပြီး ဆီထွက်သီးနှံ ဆောင်းသီးနှံနေကြာစိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ဒေသခံတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံနေကြာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ပြည်ထောင်စု) သွင်းအားစုပေးအပ်ခြင်းနှင့်ပတ်သက်၍ နိဂုံးချုပ်အမှာစကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

# ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၇၀၀၀ ကျော်တင်ပို့ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုအနေဖြင့် ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၇၀၀၀ ကျော် တင်ပို့ထားနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန်တင်ပို့ထားနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၆၃ သန်းရရှိခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၅၆၇၀ ဒသမ ၄၇၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၈ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၃၅၇ ဒသမ ၉၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉၅ သန်းရရှိခဲ့သည့်အတွက် စုစုပေါင်းမက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၆၃ သန်း ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့်ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

စောယု

# မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကျင်းပ

အိမ်မဲ ဖေဖော်ဝါရီ ၂၃


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု အိမ်မဲ-ကျောင်းကုန်းကားလမ်းဘေးရှိ ဝိုင်းဝိုင်းစက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ပြီး ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေယံစိုးက မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ ဆီမီးငြိမ်းသတ်နည်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့သည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ စစ်ဆေးခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကြိုတင်ကာကွယ်ရေးပစ္စည်းများအား စစ်ဆေးခြင်း၊ အကြံပြုခြင်း၊ မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုခြင်းများကို သရုပ်ပြဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)




သနပ်ပင်မြို့နယ် လွမ်းပြေကျေးရွာ၌ ရွာလယ်လမ်းမြေသားချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

# သနပ်ပင်မြို့နယ် လွမ်းပြေကျေးရွာ၌ ရွာလယ်လမ်းမြေသားချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

သနပ်ပင် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွမ်းပြေကျေးရွာအုပ်စု လွမ်းပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရွာလယ်လမ်းမြေသားချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လွမ်းပြေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ရွာလယ်လမ်း မြေသားချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

လွမ်းပြေကျေးရွာ၌ အရှည် ၆၈၇ ပေ၊ အကျယ် ၈ ပေ၊ ထု ၄ ပေရှိ မြေသားချဲ့ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများအနက် ငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလွမ်းပြေကျေးရွာ၌ ရွာလယ်လမ်းမြေသားချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာမှ အိမ်ခြေ ၁၃၈ အိမ်ရှိ ကျေးလက်နေပြည်သူများအတွက် သွားလာရေးလွယ်ကူလာမည်ဖြစ်ပြီး ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများအတွက်လည်း အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

**ဒေါက်တာလွင်မာဦး၊ ပါမောက္ခ(ဌာနမှူး)**
**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

ယခုပို့ချချက်သည် ၂၀၂၅ ခုနှစ် မတ်လ၌ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် မြန်မာစာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဖြစ်ပါသည်။ ပို့ချရခြင်း၏ ရည်ရွယ်ချက်မှာ ပြဋ္ဌာန်းစာများကို လေ့လာကျက်မှတ်ရာတွင် အဆင်ပြေချောမွေ့ပြီး စာမေးပွဲကို ထူးချွန်ပေါက်မြောက်စွာ ဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ ယခုသင်ရိုးသည် ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဘဝတွင် ထိရောက်စွာအသုံးပြုနိုင်ရန် မြန်မာဘာသာစကား၏ စွမ်းရည်လေးရပ်ဖြစ်သော အပြောအဆိုစွမ်းရည်၊ အနာအကြားစွမ်းရည်၊ အဖတ်အရွတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တို့ စနစ်တကျ မြင့်မားတိုးတက်လာစေရန်ရည်ရွယ်ပြီး သင်ကြားခြင်းဖြစ်ပါသည်။ ယခုပို့ချချက်တွင် မေးခွန်းပုံစံနှင့် လိုက်လျောညီစွာ အံဝင်ခွင်ကျဖြေဆိုနိုင်ရေးအတွက် ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။

မြန်မာစာဘာသာရပ်ကိုလေ့လာရာတွင် တွေးခေါ်စဉ်းစားသည့် အလေ့အထနှင့် စာရေးသားသည့်အလေ့အကျင့်များ ရရှိစေရန်အတွက် စာပေနှင့်ဘာသာစကားကို သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ပါသည်။ ထိုသို့ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများသည် မှတ်မိခြင်း၊ နားလည်ခြင်း၊ အသုံးချခြင်း၊ စိတ်ပိုင်းခြားခြင်း၊ အကဲဖြတ်ခြင်း၊ တီထွင်ဖန်တီးခြင်းဟူသော အဆင့်များကို တိုးတက်ရရှိလာကာ အဆင့်မြင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ပြဋ္ဌာန်းစာနှင့် မေးခွန်းဖွဲ့စည်းမှု**

ဒွါဒသမတန်း (တက္ကသိုလ်ဝင်တန်း) မြန်မာစာဘာသာရပ်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ထိုအပိုင်း (၃) ပိုင်းမှာ အပြောသင်ခန်းစာ၊ အဖတ်အရွတ်သင်ခန်းစာနှင့် အရေးသင်ခန်းစာတို့ ဖြစ်ပါသည်။

မြန်မာစာမေးခွန်းတွင် မေးခွန်းကြီး(၇)ပုဒ် ပါဝင်ပါသည်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီး (၁) ပုဒ်၊ မေးခွန်းတိုများပါဝင်သည့် မေးခွန်းကြီး(၁)ပုဒ်၊ ကဗျာမေးခွန်းရှည်ကြီး (၁)ပုဒ်၊ စကားပြေ မေးခွန်းရှည်ကြီး (၁)ပုဒ်၊ ရေသည်ပြဇာတ်မေးခွန်းရှည်ကြီး (၁)ပုဒ်၊ စာစီစာကုံး မေးခွန်းကြီး (၁)ပုဒ် နှင့် အဆိုဆွေးနွေးချက်ပါဝင်သည့် မေးခွန်းကြီး (၁)ပုဒ်၊ စုစုပေါင်း (၇) ပုဒ် ဖြစ်ပါသည်။ တချို့မေးခွန်းများတွင် ရွေးချယ်စရာမေးခွန်းများလည်း ပါဝင်ပါသည်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ်(၁)**

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းလွှာတွင် မေးခွန်းနံပါတ်(၁) သည် ဓမ္မဓိဋ္ဌာန် မေးခွန်းဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် သင်ခန်းစာများကို အမှန်တကယ် နားလည်သဘောပေါက်ခြင်း ရှိ၊ မရှိ၊ ကျေညက်ခြင်း ရှိ၊မရှိတို့ကို ဆန်းစစ်ကြည့်နိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။ တကယ်နားလည်သဘောပေါက်ပြီး ကျေညက်ခြင်းရှိပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းပုံစံပင်ဖြစ်ပါသည်။

ဤဓမ္မဓိဋ္ဌာန်မေးခွန်းတွင် ပုဒ်ခွဲ(က)၊ ပုဒ်ခွဲ(ခ)နှင့် ပုဒ်ခွဲ(ဂ) ဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ ယင်းအပိုင်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများမှ ဓမ္မဓိဋ္ဌာန် မေးခွန်းများပါဝင်ပါသည်။

မေးခွန်း ၁(က) တွင် မှားမှန်ရောထွေး အမှန်ရွေးသည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့်အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင်(မှား)၊ မှန်လျှင်(မှန်) ဟု ဖြေဆိုပါ။ (၁၀ မှတ်)

(၁) အသံအနိမ့်အမြင့်နှင့် ဝါကျနိမ့်မြင့်သံများသည် ထိထိရောက်ရောက်စကားပြောဆိုရာတွင် အရေးပါလှသည့် သဘောတရားများအနက်မှ ၂ ခုဖြစ်သည်။

မေးခွန်း ၁(ခ) တွင် ကွက်လပ်ဖြည့်သည့်မေးခွန်းကို မေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများနှင့် အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

(၁) ခေတ်စကားပြေကို --------- ခေတ်တွင် ရေးခဲ့သည်။

မေးခွန်း ၁(ဂ)တွင် ပေးထားသည့် ရွေးချယ်စရာသုံးခုထဲမှ အမှန်တစ်ခုကိုရွေးချယ်ရသည့် မေးခွန်းကိုမေးထားပါသည်။ ဤမေးခွန်းတွင် အပြောသင်ခန်းစာများ၊ အဖတ်အရွတ်သင်ခန်းစာများ၊ အရေးသင်ခန်းစာများပါဝင်ပြီး ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကိုရွေးပါ။ (၁၀ မှတ်)

(၁) ရေးဟန်၏ သွင်ပြင် ---------- ရှိသည်။

(က) သုံးရပ် (ခ) ငါးရပ် (ဂ) ခြောက်ရပ်

ကျောင်းသား၊ ကျောင်းသူများသည် အပိုင်းတစ်ပိုင်းကို ချန်လှပ်ကျက်မှတ်ခြင်းမျိုးမပြုလုပ်သင့်ဘဲ ပြဋ္ဌာန်းစာ၏ အပိုင်းသုံးပိုင်းလုံးကို လေ့လာထားရပါမည်။ သက်ဆိုင်ရာသင်ခန်းစာနှင့်ပတ်သက်၍ စေ့စေ့စပ်စပ် သေသေချာချာ လေ့လာကျက်မှတ်ထားရန်လိုအပ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်သည်။

**မေးခွန်းနံပါတ်(၂)**

မေးခွန်းနံပါတ် (၂) တွင် (မေးခွန်းပုဒ်ခွဲ လေးပုဒ်ပါဝင်ပြီး) ၂(က) သည် ခက်ဆစ်မေးခွန်း၊ ၂(ခ)သည် အလင်္ကာမေးခွန်း၊ ၂(ဂ)သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်း၊ ၂(ဃ)သည် အပြောသင်ခန်းစာ မေးခွန်းတိုဟူ၍ အပိုင်းလေးပိုင်းပါဝင်ပါသည်။

မေးခွန်းနံပါတ် ၂(က)သည် ကဗျာ၊ စကားပြေ၊ ရေသည်ပြဇာတ် အပုဒ်များမှ ဝေါဟာရများကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုစေခြင်းဖြစ်ပါသည်။ ဝေါဟာရ (၇)ခု ပေးထားပြီး (၅)ခု ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅) မှတ် ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သော မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ အောက်ပါတို့ကို ဖြေဆိုပါ။ (၂၀ မှတ်)

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏အဓိပ္ပာယ်ကို တိကျစွာဖော်ပြပါ။

စွန့်ကြဲ၊ အဆောတလျင်၊ စေ့စုံ၊ ကျီ၊ ကြိမ်၊ ရဝေ၊ ဘုန်းပေ့။

မြန်မာဝေါဟာရ၏အဓိပ္ပာယ်သည် အသုံးပြုပုံကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုးကွဲပြားတတ်သဖြင့် ခက်ဆစ်မေးခွန်းများကိုဖြေဆိုရာတွင် ပြဋ္ဌာန်းစာပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းဖွင့်ဆိုရန်၊ အဓိပ္ပာယ်ဖွင့်ဆိုပုံ တိကျရန် လိုအပ်ပါသည်။ ပြဋ္ဌာန်းစာတွင် ဝေါဟာရကို မည်သည့် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်ကို သိရှိစေလိုသည့်အတွက် ပြဋ္ဌာန်းစာအုပ်ပါ ဝေါဟာရ၏ ခက်ဆစ်အဖွင့်ကို စစ်ဆေးခြင်းဖြစ်ပါသည်။ ထို့ပြင် ပေးထားသောဝေါဟာရ၏ သဒ္ဒါအမျိုးအစားနှင့် အဓိပ္ပာယ်ဖွင့်ဆိုသည့် သဒ္ဒါအမျိုးအစား ကိုက်ညီရန်လိုအပ်ပါသည်။ ပေးထားသော ဝေါဟာရသည် နာမ်ဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမ်ဖြစ်ရပါမည်။ (သာဓက - ကျီ = စပါး၊ ပဲ စသည် သိုလှောင်ရာအဆောက်အအုံ။) ပေးထားသောဝေါဟာရသည် ကြိယာဖြစ်လျှင် အနက်ဖွင့်ဆို ရှင်းပြချက်သည် ကြိယာဖြစ်ရပါမည်။ (သာဓက- စွန့်ကြဲ = လှူသည်။ ပေးကမ်းသည်။) ပေးထားသောဝေါဟာရသည် နာမဝိသေသနဖြစ်လျှင် အနက်ဖွင့်ဆိုရှင်းပြချက်သည် နာမဝိသေသနဖြစ်ရပါမည်။ (သာဓက- ဘုန်းပေ့ = ဘုန်းရှိသော။) ထို့ပြင် ခက်ဆစ်ဖွင့်ဆိုချက်များတွင် တစ်ချောင်းပုဒ်ခံထားပါက အဓိပ္ပာယ်ပြည့်စုံခြင်း မရှိသေးသည့်အတွက် ဆက်လက်ဖော်ပြရန်လိုအပ်ပါသည်။ (သာဓက - စေ့စုံ = ပြည့်ပြည့်စုံစုံ၊ တိတိကျကျ၊ အကြောင်းစုံ။) ပုဒ်မခံထားသော ဖွင့်ဆိုချက်ဖြစ်ပါက တစ်ခုကိုဖော်ပြလျှင် အများအားဖြင့် လုံလောက်ပါသည်။

မေးခွန်းနံပါတ် ၂(ခ) သည် ပေးထားသော စကားအသုံးအနှုန်းကို မည်သည့် အလင်္ကာမြောက်ကြောင်း ရှင်းပြရသော အလင်္ကာမေးခွန်းဖြစ်ပါသည်။ အလင်္ကာဖြေဆိုရာတွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် နားလည်ဖြေဆိုနိုင်သည့် အဖြေအပေါ်တွင် အကဲဖြတ်အမှတ်ပေးမည်ဖြစ်ပါသည်။ မိမိနားလည်တတ်မြောက်ထားသည့် အလင်္ကာသဘောကို မှန်ကန်စွာဖြေဆိုနိုင်လျှင် အမှတ်ပြည့်ရနိုင်မည်ဖြစ်ပါသည်။ ပေးထားမည့်အလင်္ကာအရေအတွက်မှာ (၇) ခု ဖြစ်ပြီး (၅)ခု ရွေးချယ်ဖြေဆိုရပါမည်။ ပေးမှတ်မှာ (၅)မှတ်ဖြစ်ပြီး တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ခ) အောက်ပါတို့အနက် ငါးခုကိုရွေးချယ်ပြီး မည်သည့်အလင်္ကာမြောက်ကြောင်း ရှင်းပြပါ။

စိန်ပွင့်အုံး၊ ကိစ္စတုံး၊ မာန်စွယ်၊ ဖြုတ်မျက်လုံးလောက်၊ တကြုတ်ကြုတ်၊ ကျတ်တွင်းရေသို့၊ ကြာညွှတ်ဖယောင်းနေရှိန်ပျောင်းသို့။

**အဖြေ–** စိန်ပွင့်အုံး = စိန်ပွင့်စိန်ပန်းစီခြယ်ထားသည့်ခေါင်းအုံး (မှီအုံး)ဟုတိုက်ရိုက်မရေးဘဲ စိန်ပွင့်အုံး ဟု သွယ်ဝိုက်ရေးဖွဲ့ထားသောကြောင့် ဝက်ဝုတ္တိအလင်္ကာမြောက်ပါသည်။

မေးခွန်းနံပါတ်၂(ဂ) သည် ရေသည်ပြဇာတ်စကားစပ်မေးခွန်းဖြစ်ပါသည်။ မေးထားသော စကားစပ်ပါဝင်သည့်အခန်းနှင့် စကားစပ်ဆိုင်ရာ အချက်(၅) ချက် (ဘယ်သူက၊ ဘယ်သူကို၊ ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်အတွက်ကြောင့် ပြောရန်ဟူသော အချက်များ) အတွက် (၃) မှတ်၊ ဘာကိုပြောသည်ဟူသော ဆိုလိုရင်းကို ရှင်းလင်းရေးသားပြောဆိုခြင်း အတွက် (၂) မှတ် စုစုပေါင်း(၅)မှတ် ဖြစ်ပါသည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ဖြေဆိုရန်၊ အခန်းနံပါတ်ကိုသာဖော်ပြခြင်းထက် အခန်းအမည်ကိုပါ ယှဉ်တွဲဖော်ပြရန် ပြုသင့်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဂ) တရားမထောက်၊ ပျက်ချော်ယွင်းပါ၊ စင်းလုံးချွတ်ကြံမိငြားလျှင်၊ မှားလို့သာမှောက်ကရော့မယ်။ စိတ်နောက်ကိုယ်ပါ၊ မပြုသာ၊ တိုင်းထွာဦးမှကောင်းမလေ။

မေးခွန်းနံပါတ်၂။ (ဃ) သည် အပြောသင်ခန်းစာမေးခွန်းတိုဖြစ်ပါသည်။ အပိုင်း(၁) အပြောသင်ခန်းစာတွင်ပါဝင်သော အခန်းသုံးခန်းထဲမှ အကြောင်းအရာတစ်ခုခုကိုမေးပါမည်။ ဖြေဆိုရာတွင် လိုရင်းတိုရှင်း ရှင်းပြဖြေဆိုရန်ဖြစ်ပြီး ပေးမှတ်မှာ (၅)မှတ်ဖြစ်ပါသည်။ တိတိကျကျဖြေဆိုနိုင်ပါက အမှတ်ပြည့်ရနိုင်သည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၂။ (ဃ) စကားပြောခြင်းဆိုင်ရာ နည်းပရိယာယ်များထဲမှ ပေါင်းဖွဲ့စည်းလုံးမှုနည်းပရိယာယ်အကြောင်းရှင်းပြပါ။

**မေးခွန်းနံပါတ် (၃)**

မေးခွန်းနံပါတ်(၃)သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ်သင်ခန်းစာ အခန်း(၁) ကဗျာ (၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော ကဗျာမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်၏တစ်ဝက်၊ ကိုယ်ပိုင်အရေးအသားတင်ပြမှုစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် တင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ ကဗျာကို စကားပြေဖြေဆိုရေးသားဖြေဆိုမည်ဆိုပါက အချက်အလက်အားလုံးပါဝင်သော်လည်း မေးခွန်း၏ရှုထောင့်နှင့် မကိုက်ညီပါက ပေးမှတ်တစ်ဝက်အောက်သာ ရမည်ဖြစ်ပါသည်။ မေးခွန်း၏ ရှုထောင့်နှင့်အာဘော်ကို သေသေချာချာဖတ်ရှုပြီး ကိုယ်ပိုင်အရေးအသား အတင်အပြဖြင့် ဖြေဆိုရန်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၃။ သြဝါဒထူးပျို့ကဗျာမှ အရေးအဖွဲ့ကောင်းများကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**စာမျက်နှာ ၈ သို့ ⇨**

⇨ စာမျက်နှာ ၇ မှအဆက်

**မေးခွန်းနံပါတ်(၄)**

မေးခွန်းနံပါတ်(၄) သည် ပြဋ္ဌာန်းစာအုပ်ပါ အပိုင်း(၂) အဖတ်အရွတ် သင်ခန်းစာ အခန်း(၂) စကားပြေ(၈) ပုဒ်မှ တစ်ပုဒ်ကို ရွေးချယ်မေးမြန်းသော စကားပြေမေးခွန်းရှည်ဖြစ်ပါသည်။ ဤမေးခွန်းကို စစ်ဆေးအကဲဖြတ်ရာတွင် ကဗျာမေးခွန်းရှည်နည်းတူ ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာကျက်မှတ်မှုအတွက် ပေးမှတ်တစ်ဝက်၊ မိမိကိုယ်ပိုင် အရေးအသား အတင်အပြစွမ်းရည်နှင့်အတူ မေးခွန်းကို အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုတင်ပြနိုင်မှုအတွက် ပေးမှတ်တစ်ဝက် သတ်မှတ်ထားပါသည်။ မေးခွန်း၏ရှုထောင့်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်။ မေးခွန်း၏ရှုထောင့်ကိုသတိမထားဘဲ မိမိအတွက် ကျက်မှတ်ထားသည့်အပုဒ်နှင့် ခေါင်းစဉ်တူသဖြင့် အချက်အလက်များကိုချည်းရေးသားပါက ပေးမှတ်တစ်ဝက်အောက်သာရရှိမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀) မှတ်ဖြစ်ပါသည်။

**နမူနာ**

၄။ စာဘူးတောင်းဆောင်းပါးစကားပြေမှ ဗဟုသုတများကို ဝေဖန်ဆန်းစစ်ပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၅)**

မေးခွန်းနံပါတ်(၅)သည် ပြဋ္ဌာန်းစာအုပ်ပါ အခန်း(၂) အဖတ်အရွတ် သင်ခန်းစာ အခန်း(၃) ရေသည်ပြဇာတ်မှအကြောင်းအရာ သို့မဟုတ် အရေးအသားကိုမေးမြန်းသော ပြဇာတ်မေးခွန်းရှည်ဖြစ်ပါသည်။ ပြဇာတ်သဘောတရားနှင့် ဆက်စပ်ကာမေးသည့် အကြောင်းအရာပိုင်းလည်း ဖြစ်နိုင်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ပြဇာတ်ကို လေ့လာရာတွင် ပြဇာတ်သဘောသဘာဝနှင့် ပြဇာတ်အင်္ဂါရပ်ကို သိရှိနားလည်ရန်၊ ပြဇာတ်၏အရသာကို ခံစားတတ်စေရန်၊ ပြဇာတ်အရေးအဖွဲ့၏ စာပေလက်ရာများကို အကဲဖြတ်နိုင်ရန်လိုအပ်လှပါသည်။ ပြဇာတ်၏ သဘောသဘာဝ၊ ပြဇာတ်၏ ဖန်တီးမှုအတတ်ပညာ၊ ပြဇာတ်၏ အရေးအသားတို့ကို သိရှိနားလည်လေ့လာဆည်းပူးထားရမည်ဖြစ်ပါသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ (၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၅။ ရေသည်ပြဇာတ်တွင် တွေ့ရှိရသော ရသမြောက်အဖွဲ့များကို လေ့လာတင်ပြပါ။ (၁၀ မှတ်)

**မေးခွန်းနံပါတ်(၆)**

မေးခွန်းနံပါတ်(၆)သည် စာစီစာကုံးမေးခွန်းဖြစ်ပြီး မေးခွန်းတွင် ၂ ပုဒ်မေးကာ ၁ ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ပင်ကိုအရည်အသွေးကို ဖော်ထုတ်နိုင်ဆုံးသော မေးခွန်းဖြစ်ပါသည်။ ကိုယ်ပိုင်ဗဟုသုတအတွေးအခေါ်ကို ကိုယ်ပိုင်စကားပြေအရေးအသားဖြင့် ရေးသားရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခံကို စာစီစာကုံးဖြင့် အကဲဖြတ်ခြင်းဖြစ်ပါသည်။ စာစီစာကုံးရေးသားရန် ပံ့ကြမ်းအချက်အလက် (၅) ချက်ပေးထားပြီး အချက်တစ်ချက်ကို စာတစ်ပိုဒ်နှုန်းဖြင့် ဖြေဆိုရမည်ဖြစ်ပါသည်။ စာစီစာကုံးဖြေဆိုရာတွင် ပံ့ကြမ်းအချက်အလက်ကိုအခြေမခံဘဲ အလွတ်ကျက်မှတ်ဖြေဆိုပါက အမှတ်မရနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ ဤမေးခွန်းအတွက် ပေးမှတ်မှာ(၁၀)မှတ် ဖြစ်ပါသည်။

**နမူနာ**

၆။ နှစ်သက်ရာ**တစ်ခု**ကို စာစီကုံးပါ။ (၁၀ မှတ်)

**(၁) သာယာသောနံနက်ခင်း**

- နေ့တစ်နေ့၏အချိန်များအနက်သာယာသောအချိန်တစ်ချိန်ဖြစ်ပုံ
- နံနက်ဆည်းဆာ ရောင်နီထွက်ပေါ်လာပုံ
- ပတ်ဝန်းကျင်၏ သာယာလှပပုံ
- လူတို့၏ နိုးထလှုပ်ရှားကြပုံ
- နေ့တစ်နေ့ကို အင်အားသစ်ဖြင့် အစပြုပုံ

**(၂) သတိတရား**

- သတိတရား၏ အရေးကြီးပုံ
- သတိကင်းလွတ်ခြင်း၏ အပြစ်
- သတိပျက်ယွင်းစေသော အကြောင်းများ
- သတိရှိခြင်း၏ အကျိုး
- သတိတရားကို လက်ကိုင်ထားသင့်ပုံ

**မေးခွန်းနံပါတ်(၇)**

မေးခွန်းနံပါတ်(၇)သည်အဆိုတစ်ရပ်ကိုဖတ်ရှုပြီး မိမိနှစ်သက်ရာဘက်မှ ရပ်တည်ဆွေးနွေးစေသော အဆိုဆွေးနွေးမေးခွန်းမျိုးဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်စဉ်းစားဉာဏ်၊ အတွေးအခေါ် ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပြသည့် မေးခွန်းဖြစ်သဖြင့် ကိုယ်ပိုင်အတွေးအခေါ် စိတ်ကူးစိတ်သန်းကောင်းလျှင်ကောင်းသလောက် အရေးအသား အတင်အပြကောင်းလျှင်ကောင်းသလောက် အမှတ်ရနိုင်မည့် မေးခွန်းဖြစ်ပါသည်။ အဆိုဆွေးနွေးအရေးအသားသည် အလေ့အကျင့်များများပြုလုပ်ထားရန်လိုအပ်သည့် မေးခွန်းဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလေ့အကျင့်များများပြုလုပ်ကာ အရေးအသားကို အဆင်ပြေချောမွေ့စွာ ရေးတတ်ရန်လိုအပ်ပါသည်။ အပြန်အလှန်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း ရရှိနိုင်သည့်အတွက် ကျောင်းသား၊ကျောင်းသူများ၏ အတွေးနှင့် အရေးအသားစွမ်းရည်ကို ဖော်ထုတ်ပေးသည့် မေးခွန်းမျိုးဖြစ်ပါသည်။

**နမူနာ**

၇။ အောက်ပါအဆိုများအနက် တစ်ခုကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေဆွေးနွေးပါ။ (၁၀ မှတ်)

(၁) ရသစာပေဖတ်ရခြင်းသည် သုတစာပေဖတ်ရခြင်းထက် ပိုကောင်းသည်။

(၂) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍ အကျိုးရှိသည်။

ဤမေးခွန်းကိုဖြေဆိုရာတွင် ရေးသားချိန်သည် မိနစ် (၂၀၊၂၅) မိနစ်ခန့်သာ ရရှိနိုင်သည့်အတွက် ရရှိမည့်အချိန်အတိုင်းအတာကို သတိပြုရမည်ဖြစ်ပါသည်။ စာပိုဒ်လေးပိုဒ်သာ ရေးသားဖြေဆိုသင့်ပြီး ပထမစာပိုဒ်သည် နိဒါန်း၊ ဒုတိယစာပိုဒ်နှင့် တတိယစာပိုဒ်တို့သည် စာကိုယ်၊ စတုတ္ထစာပိုဒ်သည် မိမိရပ်တည်ချက်ကို အတည်ပြုသည့် နိဂုံးဖြစ်ပါသည်။ စာတစ်ပိုဒ်အတွက် ရေးသားချိန်သည် (၅) မိနစ်ခန့်သာ အသုံးပြုသင့်သည့်အတွက် ပေးမှတ်နှင့်ချိန်ဆကာ မည်မျှရေးသင့်သည်ကို တွေးဆရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုဆွေးနွေးချက်ကို စစ်ဆေးအကဲဖြတ်ရာတွင် နိဒါန်းနှင့် နိဂုံး (၂)မှတ်စီ၊ စာကိုယ်များကို(၃)မှတ်စီ လျာထားသတ်မှတ်ပါသည်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်သည် မြန်မာအပြောစကား၊ မြန်မာစာအရေးအသား၊ မြန်မာစာပေ၏ အနှစ်သာရတို့ကို လေ့လာသင်ယူဖြေဆိုရသည့် ဘာသာရပ်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းများကိုဖြေဆိုရာတွင် အချက်အလက်တိတိကျကျ ကျက်မှတ်ရသည့်နည်းတူ အမှန်တကယ်နားလည်သဘောပေါက်အောင်လည်း အားထုတ်ကြိုးပမ်းရမည်ဖြစ်ပါသည်။ ကဗျာမေးခွန်းရှည်၊ စကားပြေမေးခွန်းရှည်၊ ရေသည်ပြဇာတ်မေးခွန်းရှည်၊ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက် မေးခွန်းရှည်များကိုဖြေဆိုရာတွင် မိမိ၏ စိတ်ကူးစိတ်သန်း အတွေးအခေါ်၊ အရေးအသားစွမ်းရည်တို့ကို ပြသရမည့်နည်းတူ စာစီစာကုံးနှင့် အဆိုဆွေးနွေးချက်မေးခွန်းရှည်များကို ဖြေဆိုရာတွင် ကောင်းစွာနားလည်သဘောပေါက်အောင်ဖတ်ရှုပြီး ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်၊ ကိုယ်ပိုင်အရေးအသားတို့ဖြင့် ပေါင်းစပ်ကာ ရေးသားဖြေဆိုရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား၊ကျောင်းသူအားလုံး မြန်မာစာပေနှင့် မြန်မာစာဘာသာစကားကို မြတ်နိုးတန်ဖိုးထားကာ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ပြီး ထူးထူးချွန်ချွန် အောင်မြင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။ ။

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြောင်းမြခရိုင်၌ ဆောင်းသီးနှံ ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မြောင်းမြ ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ် ၁၂၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ ပြောပြချက်အရ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြခရိုင်၌ ငရုတ်လျာထားဧက ၁၄၉၂၈ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၁၂၀၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငရုတ်များ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

" မြောင်းမြခရိုင်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်လျာထားဧက ၁၄၀၀၀ ကျော်အထိ စိုက်ပျိုးမှာဖြစ်ပါတယ်။ ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း ငရုတ်အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြခရိုင်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငရုတ်များကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ ထွက်ရှိလာသည့် ငရုတ်များ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ် မကျရောက်စေရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် ဈေးကွက်ဝင်သီးနှံများကို တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိအောင် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုပါက သီးနှံဝင်ငွေတိုးပွားလာမည်ဖြစ်သည်။ မြောင်းမြခရိုင်၌ အောင်မြင်ဖြစ်ထွန်းနေသည့် ငရုတ်များထွက်ရှိချိန်တွင် ဒေသတွင်းဈေးကွက်၌ ငရုတ်ဈေးနှုန်းတည်ငြိမ်လာမည်ဖြစ်ပြီး တောင်သူများနှင့်ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၂)အခြေခံပညာ မူလတန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း၌ ဖေဖော်ဝါရီလ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ခြင်ပေါက်ပွားမှု များပြားနိုင်သည့်အတွက် ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးနှင့် ပိုးလောက်လမ်းပေါက်ပွားမှု ကာကွယ်နိုင်ရေးအတွက် ရေတင်ကျန်နိုင်သော ကားတာယာအဟောင်းများ၊ ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီ၊ ကျောက်စည်ပိုင်းနှင့် ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ပြည်မြို့နယ် ဘန့်ပြင်ကြီးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပြည် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘန့်ပြင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များနှင့်အတူ ဘန့်ပြင်ကြီးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်မြို့နယ် ဘန့်ပြင်ကြီးကျေးရွာ၌ အလျား ပေ၂၀ ၊ အနံ ပေ ၂၀ ၊ အမြင့် ၁၂ ပေရှိသော ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ်သိန်း ၁၁၀ ဖြင့် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ၉၀ ရာနှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ချိုလေး

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်စတော့အိတ်ချိန်း၌ ဖေဖော်ဝါရီလတတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၁ ရက်အထိ တစ်ပတ်တာကာလအတွင်း စုစုပေါင်း ငွေကျပ် ၆၅၈၈၀၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၀၀၇၈ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၂၇၆၇၉၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၃၀၇၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၇၃၁၈၂၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၂၅၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၅၀၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၈၄၄၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၅၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၂၀၀၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ခုနစ်စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၉၁၀၇၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၆၂၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၂၁၄၆၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၃၅၂၄၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၉၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း EFR ကုမ္ပဏီမှအပ ကျန်စာရင်းဝင်ကုမ္ပဏီများမှာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်ကျဆင်းခဲ့ကြောင်း သိရသည်။ ခန့်ခန့်

# ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ (၉၈)နှစ်မြောက် ကျောင်းမွေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ (၉၈) နှစ်မြောက်ကျောင်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အဆိုပါ ဆေးတက္ကသိုလ်(၁)ဝင်းအတွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ်(၁)ရန်ကုန် (၉၈)နှစ်မြောက် ကျောင်းမွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသား၊ ကျောင်းသူများက "မင်္ဂလာပါ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများ၊ အကအလှများ၊ တေးသံသာများဖြင့်သီဆိုဖျော်ဖြေတင်ဆက်ကြပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ (၉၈) နှစ်မြောက် ကျောင်းမွေးနေ့အထိမ်းအမှတ် အခမ်းအနားအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန်ကျောင်းဝင်းအတွင်းပြသထားသည့် ပိုစတာ၊ နံရံကပ်စာစောင်ပြခန်းနှင့် ဈေးရောင်းပွဲတော်ကျင်းပသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၁၉၂၇ ခုနှစ်မှ စတင်အုတ်မြစ်ချခဲ့သော ဆေးတက္ကသိုလ်(၁) ရန်ကုန်သည် ၂၀၂၅ ခုနှစ်တွင် (၉၈) နှစ်တိုင်ရှိပြီဖြစ်ပြီး အဆိုပါ တက္ကသိုလ်သည် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှုကိုဆောင်ရွက်နိုင်ရန် အတွက်ဆေးပညာသင်ကြားပို့ချပေးလျက်ရှိကာ ဆေးပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။


ဝန်းရုံခဲ



# ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)




◆ **ကျောဖုံးမှအဆက်**

နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

● **နီပေါလေးနိုင်ငံမှ**

မြန်မာအသင်းနှင့် အိမ်ရှင်နီပေါအသင်းသည် ယခုပွဲမတိုင်မီကတည်းက ဗိုလ်လုပွဲတက်ရောက်ထားပြီဖြစ်သောကြောင့် ယခုပွဲရလဒ်မှာ အရေးမပါသော်လည်း အနိုင်ရရှိရေးအတွက် အားကုန်ထုတ်ကစားခဲ့သည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ယုကီတက်ဆုရှိသည် အုပ်စုသုံးပွဲစလုံးကို မတူညီသည့် ပွဲထွက်လူစာရင်းဖြင့်ယှဉ်ပြိုင်ခဲ့ပြီး ကစားသမားများ အတွေ့အကြုံရရန် ဦးစားပေးခဲ့သည်။

မြန်မာအသင်းသည် မျိုးမြဲမြင့်မိမ်း (ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ နော်ထက်ထက်ဝေ၊ ရူပါခိုင်၊ လင်းမြင့်မိုရ်၊ ယဉ်လွန်းအိမ်၊ သန်းသန်းနွယ်၊ မေထက်လူ၊ မြတ်နိုးခင်၊ ရွှေရည်ထွန်းတို့ကိုအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၆ မိနစ်တွင် မြတ်နိုးခင်၊ ၁၆ မိနစ်တွင် မေထက်လူတို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူသော်လည်း ၁၁ မိနစ်တွင် ရာနာမာဂါနှင့် ၄၁ မိနစ်တွင် ဘီဟန်ဒါရီတို့က နီပေါအသင်းအတွက် ချေပဂိုးများပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့ အခြားပွဲတွင် လက်ဘနွန်အသင်းက ကာဂျစ္စတန်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် မြန်မာအသင်းနှင့် နီပေါအသင်း ခုနစ်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် မြန်မာအသင်းက အုပ်စုပထမ၊ နီပေါအသင်းက အုပ်စုဒုတိယရရှိပြီး လက်ဘနွန်အသင်းက သုံးမှတ်၊ ကာဂျစ္စတန်အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီလ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် နီပေါအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရဲရင့်လွင်
ဓာတ်ပုံ-MFF

# MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၂) ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၂) ကို ယနေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၁၂) တွင် ထိပ်ဆုံးမှ MIU အသင်းအပါအဝင် ဒုတိယနေရာမှ MH Dream Team၊ တတိယနေရာမှ YRG အသင်းတို့ အမှတ်ပြည့်ရယူနိုင်သော်လည်း လက်ရှိချန်ပီယံ VUC အသင်း နိုင်ပွဲပျောက်ဆုံးခဲ့သည်။ ဇယားအောက်ဆုံးမှ SGF အသင်းမှာမူ နိုင်ပွဲရယူပြီး တန်းဆင်းဇုန်မှလွတ်မြောက်ရန် မျှော်လင့်ချက်ရှိလာသည်။ ပွဲစဉ် (၁၂)တွင် MIU အသင်းက Generations အသင်းကို ၈ ဂိုး ၂ ဂိုး၊ MH Dream Team အသင်းက YCDC Marga အသင်းကို ၈ ဂိုး ၃ ဂိုး၊ YRG အသင်းက ဖူဆယ်ချစ်သူအသင်းကို ၇ ဂိုး ၁ ဂိုး၊ SGF အသင်းက Winner Soccer အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိပြီး M2K အသင်းနှင့် VUC အသင်း သုံးဂိုးစီသရေကျခဲ့သည်။

ပွဲစဉ် (၁၂) အပြီးတွင် MIU အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်ပြီး MH Dream Team အသင်းက ၂၆ မှတ်၊ YRG အသင်းက ၂၄ မှတ်၊ M2K အသင်းက ၁၉ မှတ်၊ VUC အသင်းနှင့် Generations အသင်းတို့က ၁၅ မှတ်စီ၊ ဖူဆယ်ချစ်သူအသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းက ရှစ်မှတ်၊ SGF အသင်းက ခုနစ်မှတ် ရရှိထားကြောင်း သိရသည်။

သတင်း-ရဲရင့်လွင်
ဓာတ်ပုံ-MFF



# ၂၃-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဘက်စုံအသုံးဝင် ကြံသီးနှံပင်



လယ်ယာသီးနှံများမှ စားနပ်ရိက္ခာအပြင် လူသားအကျိုးပြု အဝတ်အထည်၊ တိရစ္ဆာန်အစာနှင့် လောင်စာစွမ်းအင်တည်းဟူသော Food, Fibre, Feed and Fuel (F လေးလုံး)ကို ထုတ်လုပ်ပေးနိုင်စွမ်းရှိသည်။ သီးနှံအများစုသည် အဆိုပါ F လေးလုံးအနက် အနည်းဆုံးနှစ်မျိုးခန့်ကိုသာ ထုတ်ပေးနိုင်ကြသော်လည်း ကြံသီးနှံအနေဖြင့်မူ F လေးမျိုးစလုံးကိုပင် ထုတ်ပေးနိုင်ကြောင်း တွေ့ရှိရသည်။ စားနပ်ရိက္ခာအဖြစ် သကြားကိုလည်းကောင်း၊ အမျှင်ဓာတ်အဖြစ် ကြံကြိတ်ဖတ်ကို ဖိုင်ဘာကတ်ထူပြား (Fibre Board)နှင့် စက္ကူအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အစာအဖြစ် တင်လဲအခြေခံ ဘေးဆွယ်ထွက်ကုန်ကိုလည်းကောင်း၊ လောင်စာအဖြစ် ဇီဝအီသနောကိုလည်းကောင်း ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ကြံပင်သည် မျိုးရင်း (Family) Gramineae (or) Poaceae တွင်ပါဝင်ပြီး သိပ္ပံအမည်အားဖြင့် မျိုးစိတ်များစွာရှိသည့်အတွက် Saccharum sp. ဟုသာခေါ်ဝေါ်ရေးသားသည်။

ကြံပင်သည် ကြီးထွားချိန်တွင် ပူအိုက်စွတ်စိုပြီး ရင့်မှည့်ချိန်တွင် အေးမြခြောက်သွေ့သော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ မိုးရေချိန် ၄၀ လက်မမှ ၆၀ လက်မအတွင်း ရွာရန်လိုအပ်သော်လည်း ရေဝပ်ခြင်းကိုလုံးဝမနှစ်သက်ပါ။ ကြံသီးနှံသည် စပါးသီးနှံကဲ့သို့ ရေများများစားစား မလိုအပ်သော်လည်း စပါးသီးနှံရေလိုအပ်ချက်၏ ငါးပုံ သုံးပုံခန့် ရေကိုလိုအပ်သည်။ သွင်းရေကို ကြိုက်နှစ်သက်သော သီးနှံဖြစ်သဖြင့် ရေသွင်းစိုက်ပျိုးမည်ဆိုပါက ကြံအထွက်ကို ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုရရှိစေနိုင်သည်။ ကြံသီးနှံသည် မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့်ကိုက်ညီသဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုတွင် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ၏ ကြံစိုက်ပျိုးမှုအခြေအနေကို လေ့လာကြည့်ပါက ၁၉၉၄ - ၁၉၉၅ ခုနှစ်တွင် ကြံစိုက်ဧက ၁၃၀၀၀၀ ခန့်ရှိရာမှ ယခုအခါ ဧကပေါင်းလေးသိန်းကျော်ထိ စိုက်ပျိုးလျက်ရှိပြီး ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။



ကြံစိုက်ပျိုးထုတ်လုပ်မှုတွင် လွန်ခဲ့သောနှစ်များနှင့်နှိုင်းယှဉ်လျှင် ကြိတ်ဝါးကြံရရှိမှု၊ အထွက်နှုန်းနှင့်ကြံအရည်အသွေးများသည်လည်း တဖြည်းဖြည်းပြောင်းလဲတိုးတက်လျက်ရှိသည်။ ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် တစ်နိုင်ငံလုံး စိုက်ဧက ၃၈၀၀၀၀ ကျော်မှ တန်ချိန် ၈၆ သိန်းကျော်ထုတ်လုပ်ခဲ့ပြီး ၂၀၂၃ - ၂၀၂၄ ခုနှစ်တွင် စိုက်ဧကလေးသိန်းကျော်မှ တန်ချိန် ၁၁၅ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။

ရှမ်းပြည်နယ်တွင် ကြံစိုက်ဧက ၁၇၀၀၀၀ ကျော်ရှိပြီး ရှမ်းမြောက်ဒေသမှစိုက်ဧကပေါင်း ၁၄၀၀၀၀ ကျော်ထိ စိုက်ပျိုးခဲ့ရာ ကြိတ်ဝါးကြံ တန်ချိန် ၃၈ သိန်းကျော် ထုတ်လုပ်နိုင်ခဲ့သည်။ ရှမ်းပြည်နယ်သည် ကြံပင်ကြီးထွားမှုအတွက် လိုအပ်သောအပူချိန်နှင့် ရေမြေပတ်ဝန်းကျင်ကောင်းများရှိသည့်အတွက် နှစ်စဉ်ကြံစိုက်ဧရိယာတိုးတက်လျက်ရှိသလို တစ်ဧကအထွက်နှုန်းကောင်းပြီး သုံးနှစ်မှ လေးနှစ်ထိ ကြံလမိုင်းများထားလေ့ရှိကြသည်။ မြန်မာနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ခုနှစ် ကြံရာသီ ပျမ်းမျှကြံအထွက်နှုန်းသည် တစ်ဧကလျှင် ၂၇ ဒသမ ၅၅ တန်ဖြစ်သည်။ ကြံသီးနှံ၏ တစ်ဧကပန်းတိုင်အထွက်နှုန်းသည် တန် ၃၀ ဖြစ်သည့်အတွက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

မြန်မာနိုင်ငံအပါအဝင် သကြားထုတ်လုပ်သည့်နိုင်ငံပေါင်း ၁၁၀ ခန့်ရှိပြီး ပျမ်းမျှအားဖြင့် ကြံမှသကြားထုတ်လုပ်မှုမှာ စုစုပေါင်းသကြားထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းဖြစ်ပြီး သကြားမုန်လာမှထုတ်လုပ်မှုသည် ၂၀ ရာခိုင်နှုန်းရှိသည်။ ကမ္ဘာတစ်ဝန်းလုံး နှစ်စဉ်သကြားထုတ်လုပ်မှုသည် မက်ထရစ်တန်သန်း ၁၈၀ ခန့်ရှိပြီး ကမ္ဘာ့သကြားအများဆုံးထုတ်လုပ်သည့်နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ကြောင်းသိရသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် သကြားထုတ်လုပ်မှုသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အများဆုံးဖြစ်ပြီး မက်ထရစ်တန် ၁၉၄ ဒသမ ၈၈ သန်းဖြစ်ကြောင်း တွေ့ရှိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နှစ်စဉ်သကြားစားသုံးမှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မက်ထရစ်တန် ၁၇၆ သန်းမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မက်ထရစ်တန် ၁၈၀ ဒသမ ၀၅ သန်းအထိ တိုးတက်လာမည်ဟု ခန့်မှန်းရသည်။ လေ့လာတွေ့ရှိချက်များအရ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် သကြားစားသုံးမှုအများဆုံးနိုင်ငံဖြစ်ပြီး လူတစ်ဦး တစ်နှစ်လျှင်သကြားပျမ်းမျှ ၄၆ ဒသမ ၁၃ ကီလိုဂရမ်ခန့် စားသုံးကြောင်းသိရှိရသည်။ သကြားအများဆုံး ထုတ်လုပ်သည့် ၁၀ နိုင်ငံထဲတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ တရုတ်၊ ထိုင်းနိုင်ငံတို့ပါဝင်သည်။ မြန်မာနိုင်ငံတွင် လက်ရှိသကြားထုတ်လုပ်မှုမှာ နှစ်စဉ်တန်ချိန် လေးသိန်းကျော်ဖြစ်သည်။ ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ၏ လူတစ်ဦး တစ်နှစ်လျှင်သကြားစားသုံးမှုစစ်တမ်းအရ ပျမ်းမျှ ၇ ဒသမ ၇ ကီလိုဂရမ်ခန့်ရှိသည့်အတွက် လက်ရှိမြန်မာနိုင်ငံလူဦးရေနှင့် တွက်ချက်ကြည့်မည်ဆိုပါက သကြားတန်ချိန် ၄၂၀၀၀၀ ခန့်လိုအပ်ပြီး ပိုလျှံသောပမာဏကို ပြည်ပသို့တင်ပို့နိုင်သည်။

ကမ္ဘာပေါ်တွင် သဘာဝသယံဇာတပစ္စည်းများ တဖြည်းဖြည်းရှားပါးလာသဖြင့် ကျောက်ဖြစ်ရုပ်ကြွင်းတွင်းထွက် ရေနံဓာတုလောင်စာနေရာတွင် အစားထိုးအသုံးပြုနိုင်ရန်နှင့် လောင်စာဆီတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် အစားထိုးလောင်စာစွမ်းအင် ဇီဝအီသနောကို ရေရှည်တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ ကြံမှ သကြားအပြင် ဇီဝလောင်စာဆီဖြစ်သည့် အီသနောကို အများအပြားထုတ်လုပ်လျက်ရှိကြရာ ၂၀၂၂ ခုနှစ်စာရင်းအရ အမေရိကန်ပြည်ထောင်စုသည် အီသနော ဂါလန်သန်းပေါင်း ၁၅၄၀၀ ထုတ်လုပ်ပြီး ပထမနေရာမှ ဦးဆောင်လျက်ရှိသည်။ ဘရာဇီးနိုင်ငံက ဂါလန်သန်းပေါင်း ၇၄၂၀ ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်းသိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀-၂၀၂၂ ခုနှစ် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းဖြန့်ဖြူးလျက်ရှိပြီး သုံးစွဲမှု၏ ၃ ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်းတွင်ထုတ်လုပ်ကြောင်း သိရှိရသည်။ သို့ဖြစ်ရာ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဖူလုံမှုရှိစေရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများမှ ဇီဝလောင်စာစက်သုံးဆီများကို ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်အောင် ဆောင်ရွက်ရေးမှာ အထူးလိုအပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ကြံမှ ဇီဝလောင်စာစက်သုံးဆီအပြင် ကြံကြိတ်ဖတ်မှ လျှပ်စစ်ဓာတ်အားကိုလည်း ထုတ်ယူရရှိနိုင်သည်။ ကြံတန် ၁၀၀ ကြိတ်လျှင် ကြံဖတ် တန်ချိန် ၃၀ ခန့်ရရှိပြီး ထွက်ရှိကြံဖတ်ကို ကြံမှသကြားကြိတ်ဝါးရာ၌လိုအပ်သည့် ဘွိုင်လာစွမ်းအင်တွင် ပြန်လည်အသုံးပြုနိုင်သည်။ မြန်မာနိုင်ငံတွင် လက်ရှိလည်ပတ်နေသော သကြားစက်ရုံ ၂၂ ရုံမှ တစ်နှစ်လျှင် ကြံတန်ချိန် သိန်း ၄၀ ကျော် ကြိတ်ဝါးလျက်ရှိသည်။ သကြားစက်ရုံများလည်ပတ်ချိန်တွင် ကိုယ်ပိုင်စွမ်းအင်များထုတ်လုပ်၍ လည်ပတ်ခဲ့ခြင်းဖြစ်ပြီး စက်လည်ချိန်ကာလတွင် စက်ရုံသုံးအပြင် အပိုလျှပ်စစ်စွမ်းအင်များကို ထုတ်လုပ်နိုင်သည်။

မြန်မာနိုင်ငံရှိ သကြားစက်ရုံအများစုသည် တစ်ရက် ကြံတန်ချိန် ၂၀၀၀ စွမ်းအား ကြိတ်ဝါးသည့်စက်များဖြစ်သဖြင့် ကြံဖတ်ပိုလျှံမှုနည်းပြီး လျှပ်စစ်ထုတ်နိုင်မှုနည်းပါးသည်။ ပုဂ္ဂလိက သကြားစက်ရုံလေးရုံဖြစ်သည့် နဝဒေးသကြားစက်၊ မောင်းကုန်းသကြားစက်၊ ဆင်းရွှေလီသကြားစက်နှင့် မိုင်းရယ်သကြားစက်တို့မှာ တစ်ရက်လျှင် ကြံတန်ချိန် ၅၀၀၀ တန်နှင့်အထက် ကြိတ်ဝါးနိုင်သည့် စက်များဖြစ်သောကြောင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်စွမ်းအင်အပြင် ပိုလျှံသောလျှပ်စစ်စွမ်းအင်များကို အနီးပတ်ဝန်းကျင်ရှိရွာများအား ဖြန့်ဝေပေးနိုင်သည်။ ထို့ကြောင့် ပြည်တွင်းသကြားစက်လုပ်ငန်းရှင်များအနေနှင့် စက်စွမ်းအားတိုးမြှင့်ပြီး Value Added ထုတ်လုပ်မှုများနှင့် ယှဉ်တွဲဆောင်ရွက်မည်ဆိုပါက သကြားစက်ရုံများအတွက် အပိုဝင်ငွေရရှိပြီး ကြံစိုက်တောင်သူများအားပံ့ပိုးနိုင်ကာ ဈေးကောင်းပေးဝယ်ယူနိုင်ခြင်းတို့ကြောင့် နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

ထိုကဲ့သို့ ဘက်စုံအကျိုးကျေးဇူးများသည့် ကြံသီးနှံပင်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့စေရန် စိုက်ပျိုးရေးဦးစီးဌာန၊ သကြားထွက်သီးနှံဌာနခွဲအနေဖြင့် သုတေသနလုပ်ငန်းနှင့် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်ထိ ဌာနမှ မှတ်ပုံတင်ထုတ်လုပ်ထားသော ကြံမျိုးသစ်ကိုးမျိုးရှိပြီး တောင်သူများက ဒေသအလိုက် မိမိတို့ကြိုက်နှစ်သက်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြသည်။ မည်သည့်သီးနှံပင်ဖြစ်စေ မျိုးတစ်မျိုးကို နှစ်စဉ်ဆက်တိုက်စိုက်ပျိုးပါက အရည်အသွေးနှင့် အထွက်နှုန်းကျဆင်းလာနိုင်ခြင်းကြောင့် လက်ရှိထုတ်ဝေပြီးသားကြံမျိုးများမှ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသောမျိုးများကို ခေတ်မီတစ်သျှူးနည်းဖြင့် မျိုးသန့်ပွားများပြီး ဖြန့်ဝေခြင်းလုပ်ငန်းကို ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသုံးခြံတွင် ဆောင်ရွက်လျက်ရှိသည်။ တစ်သျှူးနည်းနှင့် ကြံမျိုးမွေးမြူခြင်းဖြင့် ရောဂါကင်းစင်ပြီး အရည်အသွေးကောင်းသော Healthy Seed Cane များကိုရရှိသည်။ အဆိုပါ တစ်သျှူးစတင်မွေးမြူခြင်းနှင့် ရရှိလာသည့် Breeder Seed နှင့် Foundation Seed အဆင့်များကို သုတေသနခြံများနှင့် မျိုးသန့်ခြံများတွင် ဆောင်ရွက်လျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးစေ့ Commercial Seed အဆင့်ကို မျိုးသန့်ခြံများနှင့် သကြားစက်ရုံများမှတစ်ဆင့် တောင်သူများထံ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထွက်ရှိလာသောသကြားများ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန် ပျဉ်းမနား ကြံသုတေသနခြံတွင် ဓာတ်ခွဲခန်းအဆောက်အအုံဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး လိုအပ်သည့် ပစ္စည်းအင်အား၊ လူအင်အားပြည့်စုံပါက ISO အသိအမှတ်ပြု သကြားအရည်အသွေးဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံမှထွက်ရှိသော အရည်အသွေးစံချိန်မီသည့်သကြားများကို အာဆီယံနှင့်အနောက်နိုင်ငံများအထိပါ တင်ပို့နိုင်မည်ဖြစ်သောကြောင့် တိုင်းပြည်ဝင်ငွေပိုမိုရရှိမည့်အပြင် သကြားစက်ရုံများနှင့် တောင်သူများပါ အကျိုးအမြတ်များစွာရရှိစေနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။

ဒေါက်တာခင်ခင်ကြီး

# (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၏ဆောင်ပုဒ်နှင့်အညီ ဆွေးနွေးခဲ့သည့် ကျန်းမာရေးအသိပညာများအား ပြည်သူလူထုသို့ဖြန့်ဝေပေးခြင်း

## လိင်မှုဆိုင်ရာကျန်းမာရေးကောင်းမွန်စေရန် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကာကွယ်ခြင်း

ယနေ့ခေတ်ကမ္ဘာကြီးတွင် ကပ်ရောဂါအသွင်ဖြစ်ပွားနေသည့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV/AIDS) နှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ(Sexually Transmitted Infections–STIs) များဖြစ်ပွားနေမှုသည် ၂၀၂၂ ခုနှစ်ကုန်အထိရရှိသောစာရင်းဇယားများအရ ခုခံအားကျဆင်းမှုကူးစက်ရောဂါ(HIV) ပိုးကူးစက်ခံနေရသူသည် ကမ္ဘာတစ်ဝန်း၌ ၃၉ သန်းခန့်ရှိပြီး အရှေ့တောင်အာရှဒေသတစ်ခုထဲတွင်ပင် ၃ ဒသမ ၉ သန်းခန့် HIV ပိုးကူးစက်ခံနေရပါသည်။

လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ(STIs) များအနက် ပျောက်ကင်းအောင်ကုသနိုင်သည့် Syp–hilis၊ Gonorrhoea၊ Chlamydia နှင့် Trichomoniasis ကဲ့သို့သော ရောဂါလေးမျိုးသည်ပင် ယနေ့ထိတိုင်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးကဏ္ဍအတွက် အဓိကစိန်ခေါ်မှုအဖြစ်ရှိနေဆဲပင်ဖြစ်ပေသည်။ ၂၀၂၀ ခုနှစ်ကုန်စာရင်းဇယားများအရ ကမ္ဘာတစ်ဝန်း (၁၅–၄၉) နှစ်အရွယ်ရှိသူများတွင် ယင်းလိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါလေးမျိုး၏ အသစ်ကူးစက်ဖြစ်ပွားမှု (Incidence) သည် ၃၇၄ သန်းအထိရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသတစ်ခုတွင်ပင် သန်း ၆၀ အထိရှိကြောင်းနှင့် ကမ္ဘာတစ်ဝန်း၌ နေ့စဉ် လူတစ်သန်းခန့်အထိ လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါပိုးအသစ်ကူးစက်ခံနေရကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း (၁၅–၄၉) နှစ်အရွယ်ရှိသူများအနက် HIV ပိုး ကူးစက်ခံရမှုနှုန်းသည်(သုည ဒသမ ၆၇ ရာခိုင်နှုန်း)ရှိပြီး HIV ပိုးရှိရှင်သန်သူမှာ ၂၈၃၀၀၀ ဦးခန့်ရှိကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ်ကုန်အထိရရှိသော စာရင်းဇယားများအရ မြန်မာနိုင်ငံအတွင်း HIV/AIDS ရောဂါသည်အားလုံး၏ (၇၆ ရာခိုင်နှုန်း) အား(Lifelong ART) အေအာရ်တီဆေးဖြင့် ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။ HIV ပိုးရှိ ကိုယ်ဝန်ဆောင်မိခင်မှ မိမိရင်သွေးသို့ ရောဂါပိုးကူးစက်မှုကာကွယ်ခြင်း (Prevention of Vertical Transmission–PMTCT) လုပ်ငန်းသည်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၈၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံမှုပေးထားနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၌ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် ကာကွယ်၊ ကုသရေးလုပ်ငန်းများကို စီမံချက်ထားဆောင်ရွက်နေခြင်းကြောင့် ဦးတည်အုပ်စုများကြား ကာလသားရောဂါ(syphilis)ဖြစ်ပွားမှုနှုန်းသည် (၂၀၀၇ မှ ၂၀၂၀ ခုနှစ်) အတွင်း သိသာစွာကျဆင်းလာခဲ့ပေသည်။

ရောဂါပိုးအသစ်ကူးစက်ခံရမှုနှင့် ဖြစ်ပွားမှုနှုန်းကျဆင်းလာမှုတို့တွင် Biomedical၊ Structural နှင့် Behavioral Intervention များပါဝင်သည့် ပေါင်းစပ်ကာကွယ်ရေးအစီအစဉ် (Combination Prevention Programme) သည် အရေးပါလှပါသည်။

ရောဂါပိုးကူးစက်ရန်အန္တရာယ်ရှိသော လိင်ဆက်ဆံမှုအားလုံးတွင် ကွန်ဒုံးကို စနစ်တကျနှင့်မှန်ကန်စွာအသုံးပြုခြင်း (Condom Promotion) နှင့် ရောဂါပိုးကူးစက်ရန်အန္တရာယ်ရှိသူများနှင့် လိင်ဆက်ဆံမှုမှရှောင်ကြဉ်ခြင်း (Abstinence) နည်းလမ်းများသည် HIV နှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကိုကာကွယ်ရာ၌ အခြေခံကျ၊ ထိရောက်သည့်နည်းလမ်းများဖြစ်ပါသည်။

မိမိအခြေအနေကိုသိရှိအောင် စမ်းသပ်စစ်ဆေးခြင်း (Know Your Status) အတွက် ရွေးချယ်စရာနည်းလမ်းများဖြစ်သော– မိမိအနေဖြင့် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ဆေးခန်း (NAP Clinic)နှင့် ပြည်သူ့ဆေးရုံ၊ လူထုအခြေပြုကွင်းဆင်းစစ်ဆေးပေးသည့်နေရာ(Community–based Clinic) များတွင် စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါပိုးကူးစက်ရန်အန္တရာယ်ရှိသည့် အညွှန်းခံရသူကို ရှာဖွေစစ်ဆေးခြင်း (Index case testing)နှင့် မိမိကိုယ်တိုင်လျှို့ဝှက်စွာ စမ်းသပ်စစ်ဆေးခြင်း (Self–testing) စသည့်နည်းလမ်းများအနက် မိမိနှစ်သက်သည့်နည်းလမ်းကိုရွေးချယ်နိုင်ပါသည်။

ရောဂါပိုးကူးစက်ရန်အန္တရာယ်ရှိသော အညွှန်းခံရသူကိုရှာဖွေစစ်ဆေးခြင်း (Index case testing) ဆိုသည်မှာ ရောဂါပိုးကူးစက်ရန်အန္တရာယ်ရှိသည့် အညွှန်းခံရသူကို ရှာဖွေစစ်ဆေးပြီး ရောဂါပိုးတွေ့ရှိပါက ထိုသူနှင့်ဆက်စပ်နီးနွယ်ထားသူများ (ဥပမာ– လိင်ဆက်ဆံဖော်၊ သား၊ သမီးနှင့် မူးယစ်ဆေးအကြောထဲထိုးသွင်းသူဖြစ်ပါက ဆေးထိုးအပ်မျှဝေသုံးစွဲသူ စသည်ဖြင့် ကွင်းဆက်ယူကာ ဆက်လက်စမ်းသပ်စစ်ဆေးသွားသည့် နည်းလမ်းပင်ဖြစ်ပါသည်။ ဤကဲ့သို့ စစ်ဆေးရာတွင် စမ်းသပ်စစ်ဆေးခံသူ၏လျှို့ဝှက်ချက်ကို သေချာစွာစောင့်ထိန်းရမည်ဖြစ်ပြီး အကယ်၍ ရောဂါပိုးစစ်ဆေးတွေ့ရှိပါကလည်း ညွှန်းပို့ပေးခြင်းကို ဆက်လက်ဆောင်ရွက်သွားရပါမည်။

ကိုယ်တိုင်နမူနာယူခြင်း (Self–sampling) နည်းလမ်းသည် မိမိတွင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါပိုးကူးစက်ခံရခြင်းရှိ၊ မရှိ အခြေအနေကိုသိရှိရန်အတွက် များစွာအဆင်ပြေပြီး ကိုယ်ရေးကိုယ်တာကိုလည်း ထိန်းသိမ်းနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ ဤနည်းလမ်းဖြင့် အချိန်မီ ဆောလျင်စွာကုသမှုခံယူနိုင်ပြီး ကူးစက်မှုအန္တရာယ်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

ကုသမှုဖြင့်ကာကွယ်ခြင်း (Treatment as Pre–vention) နည်းလမ်းသည် အလွန်ထိရောက်သော မဟာဗျူဟာတစ်ခုပင်ဖြစ်ပါသည်။ (Lifelong ART) အေအာရ်တီဆေးကို စနစ်တကျပုံမှန်သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း HIV ဗိုင်းရပ်စ်ကို ပုံမှန်စမ်းသပ်စစ်ဆေးခြင်းနည်းလမ်းဖြင့် ရှာဖွေမတွေ့နိုင်သည့်အဆင့်(Undetectable Level) အထိ လျှော့ချနိုင်ပြီး ယင်းအခြေအနေသို့ရောက်ရှိပါက တခြားသူတစ်ဦးသို့ ထပ်မံမကူးစက်နိုင်သည့်အဆင့် (Un–transmittable Level) အထိ ရောက်ရှိသွားစေမည်ဖြစ်ပါသည်။ ယင်းအခြေအနေကို နိုင်ငံတကာတွင် “U=U”ဟု ခေါ်ဆိုသုံးနှုန်းပါသည်။

မိမိနှင့် မိမိ၏လိင်ဆက်ဆံဖော်တွင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ(STIs)ရှိနေပါက ပျောက်ကင်းသည်အထိ ထိထိရောက်ရောက်ကုသမှုခံယူခြင်းဖြင့် ရောဂါပြန်လည်ကူးစက်မှု (Reinfection) နှင့် တခြားသူများကိုထပ်မံကူးစက်ခြင်း စသည်များကိုကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်ခန့်တွင် မြန်မာနိုင်ငံ၌ စတင်ခဲ့သော မိခင်မှ ကလေးသို့ HIV ရောဂါပိုးကူးစက်မှုကာကွယ်ခြင်း (Prevention of Vertical Transmission–PMTCT) စီမံချက်သည် ကိုယ်ဝန်ဆောင်မိခင်များအတွက် မိမိရင်သွေးကို ရောဂါပိုးကူးစက်မှုမှကာကွယ်ရန် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်မှ HIV နှင့် Syphilis ရောဂါနှစ်မျိုးစလုံးအား တစ်ပြိုင်နက် စမ်းသပ်စစ်ဆေးပေးနိုင်သည့် Dual Test kit များကို ဝယ်ယူဖြန့်ဖြူးထားရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်မှ ကလေးသို့ HIV နှင့် Syphilis ရောဂါနှစ်မျိုးစလုံး ကူးစက်ခံရမှုကင်းစင်ပပျောက်သည်အထိ (Dual elimination of mother to child transmission of HIV and Syphilis) ဆောင်ရွက်သွားရန်နှင့် ဖြစ်နိုင်လျှင်အသည်းရောင်အသားဝါဘီပိုး ကူးစက်ခံရမှုကိုပါကင်းစင်ပပျောက်အောင် ပေါင်းစပ်ဆောင်ရွက်ရန် (Triple elimination) ရည်ရွယ်ချက်အထိထားရှိပြီး ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ဤအစီအစဉ်တွင် ကိုယ်ဝန်ဆောင်မိခင်သာမက ဇနီးမောင်နှံစမ်းသပ်စစ်ဆေးကုသခြင်း(Spouse testing) သည် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေပါသည်။

ရောဂါပိုးကူးစက်မခံရမီ ကြိုတင်ကာကွယ်ခြင်း (Pre–exposure Prophylaxis– PrEP) နည်းလမ်းသည် ထိရောက်သောကာကွယ်ရေးမဟာဗျူဟာတစ်ခုပင်ဖြစ်ပါသည်။ ဤနည်းလမ်းအတွက် သောက်ဆေး (Oral PrEP) အပြင် အမျိုးသမီးများအတွက် Dapivirine ARV ပါဝင်သည့် Vaginal ring ကို အမျိုးသမီးကိုယ်တွင်းထည့်သွင်းပြီး တစ်လတစ်ကြိမ်လဲလှယ်ပေးသည့်နည်းလမ်းသည် ရောဂါပိုးကူးစက်ရန် အန္တရာယ်များသောအခြေအနေရှိသည့် အမျိုးသမီးများအတွက် ရွေးချယ်စရာများထဲမှ တစ်ခုပင်ဖြစ်ပါသည်။

Cabotegravir ကဲ့သို့ Long–acting injectable ARV ထိုးဆေးများသည်လည်း နိုင်ငံတကာဈေးကွက်ထဲတွင် စတင်မိတ်ဆက်လာနေပြီဖြစ်ပါသည်။ အစောပိုင်းကာလ ဆေးဘက်ဆိုင်ရာသုတေသနပြုချက် (Clinical trials) များအရ ယင်း Cabotegravir ထိုးဆေးကို ၂–လ တစ်ကြိမ်ပုံမှန်ထိုးနှံပေးပါက HIV ပိုးကူးစက်ခံရမှုကို ၉၉ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ဈေးနှုန်းကြီးမြင့်မှုကြောင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရန် အခက်အခဲရှိနေသေးကြောင်း လေ့လာတွေ့ရှိရသည်။

ရောဂါပိုးကူးစက်ရန် အန္တရာယ်များသောသူနှင့်အတူနေပြီးနောက် ကာကွယ်ဆေးသောက်သုံးခြင်း (Post –exposure prophylaxis–PEP)သည် အန္တရာယ်ရှိသော အခြေအနေများတွင် HIV နှင့် တခြားသောလိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို အချိန်မီကာကွယ်နိုင်ရန်အတွက် အရေးပါသောနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ PEP ကို ဖြစ်နိုင်သမျှမြန်မြန်၊ အထူးသဖြင့် အန္တရာယ်ရှိသော အခြေအနေမှ ၇၂ နာရီအတွင်း စတင်သောက်သုံးရန်အရေးကြီးပါသည်။

ဆေးထိုးအပ်/ဆေးထိုးပြွန်များအား မျှဝေသုံးစွဲမှုမပြုခြင်းသည်လည်း ထိရောက်သောကာကွယ်ရေးနည်းလမ်းတစ်ခုပင်ဖြစ်ပါသည်။ ဆေးထိုးရန်လိုအပ်ပါက သန့်ရှင်းသော တစ်ခါသုံးဆေးထိုးအပ်အသစ်များကိုသာ အသုံးပြုခြင်းဖြင့် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ကာကွယ်နိုင်သည်။ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော Needle Syringe Programme– NSP သည် Safe injection practice အတွက် ပံ့ပိုးပေးရာ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

မူးယစ်ဆေးဝါး အကြောတွင်းသို့ ထိုးသွင်းသုံးစွဲမှုကို ရှောင်ကြဉ်ခြင်းသည် ဆေးထိုးသုံးစွဲမှုမှတစ်ဆင့် HIV ပိုးကူးစက်မှုကို ရာနှုန်းပြည့်ကာကွယ်နိုင်သောနည်းလမ်းဖြစ်ပါသည်။ မူးယစ်ဆေးအလွဲသုံးစွဲမှုနောက်ဆက်တွဲကျန်းမာရေးပြဿနာ (Substance use disorder)များနှင့်ပတ်သက်ပြီး အကြံဉာဏ်နှင့်ပံ့ပိုးကူညီမှုပေးသည့် ဝန်ဆောင်မှုများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်း ဆေးခန်းများတွင်ရရှိနိုင်သည်။

မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် HIV နှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများနှင့်ပတ်သက်ပြီး အသိပညာမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကာကွယ်မှုနှင့်ကုသမှုပေးခြင်း စသည့်ရွေးချယ်စရာနည်းလမ်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဤနည်းလမ်းများကို ပြည်သူလူထု တစ်ဦးချင်း၊ တစ်ယောက်ချင်းစီအထိ ရောက်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

HIV/ AIDS ကာကွယ်၊ ကုသရေးဆိုင်ရာ သုတေသနဆောင်ရွက်မှုများအနေဖြင့် ART ကုထုံးများကို တိုးတက်ကောင်းမွန်စေရန်၊ ကာကွယ်ဆေး (HIV Vaccines) များ တီထွင်ရန်နှင့် မျိုးရိုးဗီဇပြုပြင်ခြင်း (Gene editing)ကဲ့သို့ နည်းပညာအသစ်များကို စူးစမ်းရှာဖွေလျက်ရှိပါသည်။ မျိုးရိုးဗီဇပြောင်းလဲမှု (CCR5–delta 32 Genetic mutation) ရှိပြီးသားအလှူရှင်ထံမှ ပင်မဆဲလ်အစားထိုးကုသမှု (Stem cell transplant) ခံယူခြင်းမှ မမျှော်လင့်ဘဲ HIV (ယာယီ) ရောဂါပျောက်ကင်းမှု(Long–term HIV remission) ရသွားသည့် “ဘာလင်” လူနာ(Berlin Patient– Timothy Ray Brown) နှင့် “လန်ဒန်”လူနာ (London Patient– Adam Castillejo) တို့သည် ဆောင်ရွက်ဆဲ ဆေးဘက်ဆိုင်ရာသုတေသနလုပ်ငန်းများအတွက် တွန်းအားဖြစ်စေပါသည်။

မြန်မာနိုင်ငံ၌ လိင်မှုဆိုင်ရာကျန်းမာရေးထိန်းသိမ်းနိုင်ရန်အတွက် ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV/AIDS) နှင့် တခြားလိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါ (STIs) များ၏ ဖြစ်ပွားနေမှု၊ ကာကွယ်တားဆီးနိုင်သည့်နည်းလမ်းများ၊ တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာများအကြောင်းကို မျှဝေပေးရန်ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။ ။

ဒေါက်တာထွန်းညွန့်ဦး

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်း အတွင်း၌ ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ်လ ၇ ရက်မှ ၁၃ ရက်အထိ) ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့မှ သိရသည်။

ထို့ပြင် ပွဲတော်လာပြည်သူများအတွက် ရေကျော်ဂီတဖျော်ဖြေရေးအဖွဲ့က မတ်လ ၇ ရက်မှ ၉ ရက်အထိလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖျော်ဖြေရေးအဖွဲ့က မတ်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဖျော်ဖြေရေးအဖွဲ့က မတ်လ ၁၂ ရက်တွင်လည်းကောင်း၊ မြဝတီရုပ်မြင်သံကြားဖျော်ဖြေရေးအဖွဲ့က မတ်လ ၁၃ ရက်တွင်လည်းကောင်း အခမဲ့ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖျော်ဖြေပွဲများအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ စသည့် ပျော်ရွှင်ဖွယ်အစီအစဉ်မျိုးစုံကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အတွက် ရပ်နီး၊ ရပ်ဝေးမှဘုရားဖူးပြည်သူများနှင့် သဒ္ဓါကြည်လင်ပါရမီရှင်အပေါင်းတို့အနေဖြင့် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တပေါင်းပွဲတော်ကြီးတွင် ပါဝင်ဆင်နွှဲနိုင်ကြကြောင်း ဂေါပကအဖွဲ့ကအသိပေးနှိုးဆော်ထားကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျကြည့်ရှုအားပေး




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်ရှိ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာန (အေလာ) ဝန်ထမ်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါသုတေသနဌာန၌ ကျင်းပသည်။

ထိုကဲ့သို့ ဝန်ထမ်းများ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ စုပေါင်းဆင်နွှဲနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သုတေသနဓာတ်ခွဲခန်းများ ပြုပြင်မွမ်းမံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သတ္တုရိုင်းသန့်စင်ထုတ်လုပ်ရေးဌာနရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှူဒါန်းမည့် ရွှေသင်္ကန်းကပ်လှူသည့် ရွှေစင်ပြားများ၏ အရည်အသွေးများကို တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများမှ ရလဒ်များ၊ ဇလသတ္တုဗေဒဌာနရှိ EV သုံး လီသီယမ်ဘက်ထရီဆိုင်ရာ သုတေသနလုပ်ငန်းများမှရလဒ်များနှင့် အင်္ဂသတ္တုဗေဒဌာနစုရှိ အလေးစီးသဲတွင်ပါဝင်သော မိုနာဇိုက်မှ မြေရှားဒြပ်စင်အောက်ဆိုဒ်များ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများမှ သံ၊ သံမဏိနှင့် သတ္တုစပ်ထုတ်လုပ်ရေးဌာနရှိပြည်တွင်းမှရရှိသော Manganese Ore မှ Ferro Manganese Alloy ထုတ်လုပ်ခြင်းသုတေသနလုပ်ငန်းမှ ရလဒ်များကို စစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများဖြစ်၍ နည်းပညာတိုးတက်မှုအရှိန်များနှင့် အမီလိုက်ပါနိုင်ရေးနှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သုတေသနဌာနမှ တာဝန်ရှိသူများထံ သုတ၊ ရသ စာအုပ်များ၊ သုတေသနဂုဏ်ပြုဆုများ၊ လုပ်သက်ရင့်သက်ကြီးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများထံ ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းအိမ်ရာများ ပြုပြင်မွမ်းမံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မိတ္ထီလာနှင့် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့ခေါင်းဆောင် ဦးရွှေဇင်သည် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာနှင့် မလှိုင်မြို့နယ်အတွင်းရှိဒေသခံတောင်သူများနှင့်တွေ့ဆုံ၍စိုက်ပျိုးသီးနှံအလိုက်ပန်းတိုင်အထွက်နှုန်းရရှိရေးဆွေးနွေးမှာကြားသည်။

ဦးစွာ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးသည် မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာ၌ နှမ်းစပါးစိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရေးနှင့် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနအလိုက်ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာရှိ ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆိုလာစနစ်နှင့် စက်ရေတွင်းမှတစ်ဆင့် ရေသွင်းစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူဦးအောင်မြင့်၏ကြက်သွန်နီစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် မလှိုင်မြို့နယ် သပြေပင်ကျေးရွာ၌ ကြက်သွန်နီစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့်လည်းကောင်း၊ ဖက်ကုန်ကျေးရွာ၌ မိုးကြို့ဝါစိုက်ပျိုးသည့် ဒေသခံတောင်သူများနှင့်လည်းကောင်း၊ ထမ္မကြီးကျေးရွာ၌ နွေပဲတီစိမ်းစိုက်ပျိုးမည့် ဒေသခံတောင်သူများနှင့်လည်းကောင်းတွေ့ဆုံအမှာစကားပြောကြား၍ ဒေသခံတောင်သူများ၏တင်ပြမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နွေသီးနှံစိုက်ပျိုးမည့် ဒေသခံတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**❖ ရှေ့ဖုံးမှအဆက်**

အခြားလမ်းပိုင်းများဖြစ်သော ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၊ ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၊ မြစ်ကြီးနား- မိုးကောင်းလမ်းပိုင်း၊ လက်ပံတန်း-သာရဝေါလမ်းပိုင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်း စသည့် လမ်းပိုင်းများတွင် လူစီးရထားခရီးစဉ်များကို စီစဉ်ပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလ ၂၈ ရက်မှစတင်၍ နေပြည်တော်- ရန်ကုန်-နေပြည်တော်ခရီးစဉ်အား ဂျပန်နိုင်ငံမှ ဝယ်ယူရောက်ရှိလာသည့် ခေတ်မီ DEMU ရထားတွဲဆိုင်းသစ်များဖြင့် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခေတ်မီ DEMU ရထားတွဲဆိုင်းဖြင့် နေပြည်တော်မှရန်ကုန်အထိ စတင်စမ်းသပ်ပြေးဆွဲသည့် ခရီးစဉ်အဖြစ် ဖေဖော်ဝါရီလ ၂၁ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ဘူတာကြီးမှ စတင်ထွက်ခွာခဲ့ပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅(MSME) နေပြည်တော်သို့ တက်ရောက်လာကြသည့် ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအပါအဝင် ခရီးသွားပြည်သူ ၁၃၀ လိုက်ပါစီးနင်းခဲ့ကြကာ ရန်ကုန်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြောင်းနှင့် နေပြည်တော်မှရန်ကုန်သို့ ဘူတာစဉ်ရပ်တန့်ချိန်များအပါအဝင် ခရီးသွားချိန် ၅ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း သိရှိရသည်။

အဆင့်မြှင့်တင်ပြီးဖြစ်သည့် ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်း၌ ဖေဖော်ဝါရီလ ၂၈ ရက်တွင် စတင်ပြေးဆွဲမည့် DEMU ရထားတွင် ပထမတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်းတွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၁၂ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး နေပြည်တော်-မန္တလေး ပြေးဆွဲမည့် လေအိတ်ရထားခရီးစဉ်အတွက် ရိုးရိုးတန်းလေးတွဲ၊ အထက်တန်းနှစ်တွဲ စုစုပေါင်းတွဲဆိုင်းခြောက်တွဲဖြင့် ခရီးသည် ၃၃၀ လိုက်ပါစီးနင်းနိုင်မည်ဖြစ်ကာ ရထားအချိန်စာရင်းနှင့်လက်မှတ်ခနှုန်းထားတို့ကို မြန်မာ့မီးရထားမှ ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခရီးသည်များအနေဖြင့် အဆိုပါ DEMU ရထားနှင့် လေအိတ်ရထားများကို နေပြည်တော်ဘူတာတွင် ပြောင်းလဲလိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ခရီးစဉ်တစ်လျှောက် ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်စေရေး ခေတ်မီလူစီးတွဲများ ဖြည့်တင်း/ထုတ်လုပ်ခြင်း၊ ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ဘူတာရုံများအဆင့်မြှင့်တင်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များလျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ (၅၀၀)

# ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး နည်းပညာပြပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနည်းပညာပြပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)ရဲမွန်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးပညာရှင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ တက်ရောက်လာကြသည့်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်စကားများပြောကြားကြပြီး ဟင်းသီးဟင်းရွက် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် ဟင်းသီးဟင်းရွက်မျိုးစေ့ထုတ် သုတေသနစိုက်ခင်းများ၊ စင်တင်သီးနှံများနှင့် Greenhouse စနစ်ဖြင့် ဟင်းသီးဟင်းရွက်သုတေသနများ၊ ဖရုံသခွားနှင့် သခွားမွေးမျိုးထုတ်လုပ်ခြင်း၊ အာဟာရရည်ဖြင့် စိုက်ပျိုးခြင်းနှင့်အော်ဂဲနစ်စိုက်ခင်းများနှင့်သွင်းအားစုများ ထုတ်လုပ်ခြင်းစသည်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်မှ တောင်သူ ၂၁ ဦး၊ လှည်းကူး၊ မင်္ဂလာဒုံ၊ မှော်ဘီမြို့နယ်တို့မှ တောင်သူ ၃၀၀ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တောင်သူ ၄၅ ဦး စုစုပေါင်းတောင်သူ ၃၆၆ ဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။

**ဝန်းရံခ**

# ကန့်ဘလူမြို့၌ အခမဲ့မျက်စိခွဲစိတ်ကုသခြင်းနှင့် အထူးကုကွင်းဆင်းကုသခြင်းများဆောင်ရွက်ပေး



ကန့်ဘလူ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ရဟန်းရှင်လူပြည်သူများအား အခမဲ့မျက်စိခွဲစိတ်ကုသခြင်းနှင့် အထူးကုကွင်းဆင်းဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်တာဝန်ရှိသူများသည် ကန့်ဘလူမြို့ မြို့တော်ခန်းမ (စည်ပင်သာယာခန်းမ)၌ ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသော ရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သောက်ရေသန့်နှင့်အာဟာရမုန့်များဝေငှပေးသည်။ ယင်းနောက် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများနှင့်ကျန်းမာရေးဝန်ထမ်းများက မျက်စိ၊ ကလေး၊ သားဖွားမီးယပ်၊ အထွေထွေရောဂါကုဌာနနေရာများအလိုက် စမ်းသပ်စစ်ဆေးကုသနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပရဟိတအဖွဲ့များမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူကြသော ပြည်သူများအား စနစ်တကျနှင့်အလွယ်တကူ ပြသနိုင်ရေး၊ အရိပ်ရမိုးကာတဲများ ထပ်မံဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။ အဆိုပါ အခမဲ့မျက်စိခွဲစိတ်ကုသခြင်းနှင့် အထူးကုကွင်းဆင်းကုသခြင်းများကို ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၇ ရက်ထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပြီး ဒုတိယရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) စတုတ္ထနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိပြီး ဒုတိယနေရာရရန် သေချာခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည်အဆင့် ၄ နေရာမှ ဒဂုံစတားယူနိုက်တက်ကို ဂိုးပြတ်အနိုင်ယူပြီး နောက်ဆုံးပွဲမတိုင်မီ ဒုတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲလိုသေးသော်လည်း ချန်ပီယံဆုကို ရှမ်းယူနိုက်တက်၊ ဒုတိယဆုကို ရန်ကုန်ယူနိုက်တက်၊ တတိယဆုကို ဟံသာဝတီယူနိုက်တက်၊ စတုတ္ထနေရာကို ဒဂုံစတားယူနိုက်တက်အသင်း ရယူနိုင်ရန် သေချာခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့သည်၊ ၂၆ မိနစ်တွင်ရန်ကုန်ယူနိုက်တက်အသင်းအဖွင့်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် ဒေးဗစ်ထန်က ပယ်နယ်တီဧရိယာအတွင်းမှ အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်းက



ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း ဂိုးမသွင်းယူနိုင်ခဲ့ပေ။ ပွဲပြီးခါနီးတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးများဆက်တိုက်ရရှိခဲ့ပြီး ၈၆ မိနစ်တွင် ရန်ကျော်ထွေးနှင့် ၉၀+၃ မိနစ်တွင် ဇော်ဝင်းသိန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းကရရှိသည်။

ပွဲစဉ် (၂၁) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီလ ၂၄ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဧရာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ- MNL**

**❑ ကျောဖုံးမှအဆက်**

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီးဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၂၂၂၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၇၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၄၇ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင်အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေးဖော်ထုတ်ခြင်း၊အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။










**○ ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ကြပြီး ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပရာ ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်တို့က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်ဆက်ဆံရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် အချိန်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ – Eurasian Economic Union (EAEU) နှင့်ပူးပေါင်းကာ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ပြီး ရုရှားနိုင်ငံအနေဖြင့်လည်း အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများရှိကြောင်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကိုဖိတ်ခေါ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာစေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိကြောင်း၊ ယခုအစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာအားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ကြဉ်းပေးနိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက်ရုရှားဘက်မှပူးတွဲကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသင်္ခြိကော့ဗ်က စတုတ္ထအကြိမ် ကော်မရှင်အစည်းအဝေး ကျင်းပပြီးနောက်ပိုင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုသာမက အခြေခံအဆောက်အအုံစီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာစီးပွားရေးလုပ်ငန်းများကိုလည်း ရုရှားဈေးကွက်က ကြိုဆိုလျက်ရှိကြောင်း၊ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ဆက်လက်ကျင်းပကာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ဆက်သွယ်မှုကွန်ရက်များကို တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဖ်က မြန်မာ-ရုရှား ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေးအတွက် စွမ်းအင်၊ နျူကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစီအစဉ်အရ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာဘက်မှ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့ကလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ပဉ္စမအကြိမ် ကော်မရှင်အစည်းအဝေးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာ လေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူစွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေး၊ Circular Economy နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းတို့ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက အတည်ပြုလဲလှယ်ခဲ့ပြီး ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်သည်။

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံသဘောတူစာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စာချုပ်စာတမ်း ကိုးခုကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးဖိုရမ်ကို ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက ဦးဆောင်ကျင်းပပြီး အဖွင့်အမှာစကားများပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးပွဲ (၁) အဖြစ် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစကားဝိုင်း၊ စကားဝိုင်းဆွေးနွေးပွဲ(၂) အဖြစ် ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ စကားဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ (၃) အဖြစ် အလုပ်သမားကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းကို ကျင်းပကြပြီး နှစ်နိုင်ငံအစိုးရဌာနများမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တက်ကြွစွာပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီအစည်းအဝေး၊ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့သို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နှစ်နိုင်ငံကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ညအပူချိန်လျော့နည်းခဲ့သောစခန်းများ၏ ၂၃-၂-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၂.၀ | ၃၅.၆ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၆.၄ | ၄၃.၅ |
| ဟဲဟိုးမြို့ | ၆.၆ | ၄၃.၉ |
| မိုင်းယန်းမြို့ | ၇.၀ | ၄၄.၆ |
| ပြင်ဦးလွင်မြို့ | ၇.၅ | ၄၅.၅ |
| လွိုင်လင်မြို့ | ၇.၆ | ၄၅.၇ |
| ပူတာအိုမြို့ | ၈.၃ | ၄၆.၉ |

# "Mekong-Ganga Food Festival" ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြား





နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုနှင့် အတွေ့အကြုံဖလှယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားနိုင်ရန် ရည်ရွယ်၍ ရန်ကုန်မြို့မှ အိန္ဒိယသံရုံးသည် ရန်ကုန်မြို့ရှိ အိန္ဒိယနွယ်ဖွားအမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့နှင့်ပူးပေါင်း၍ "Mekong-Ganga Food Festival" ပွဲတော်ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်ဝန်ကြီးများရုံး၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များ၊ ရန်ကုန်မြို့ အိန္ဒိယနွယ်ဖွားအမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အိန္ဒိယသံအမတ်ကြီးနှင့် ပွဲတော် တက်ရောက်လာကြသူများသည် မြန်မာအစားအစာပြခန်းများ၊ အိန္ဒိယအစားအစာပြခန်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းပြခန်းများ၊ လက်မှုပစ္စည်းနှင့် အဝတ်အထည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပွဲတော်အခမ်းအနားကို ဆီမီးထွန်းညှိပူဇော်၍ စတင်ဖွင့်လှစ်ပေးကာ အသင်းအဖွဲ့များက အိန္ဒိယတေးသီချင်း၊ မြန်မာတေးသီချင်းများ၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီး၊ အိန္ဒိယနွယ်ဖွား အမျိုးသမီးများအသင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်တို့မှ ဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားမှတစ်ဆင့်မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကြွယ်ဝသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်သွားနိုင်မည့် အခွင့်အရေးတစ်ခုကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ မဲခေါင်-ဂင်္ဂါပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Mekong – Ganga Cooperation –MGC) အား အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် အာဆီယံ(၅)နိုင်ငံပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဓိကဆောင်ရွက်မှုများတွင် ယဉ်ကျေးမှုဖလှယ်ခြင်းများမှတစ်ဆင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအချက်တစ်ချက်ပါဝင်ကြောင်း၊ ယနေ့အစားအစာပွဲတော်အခမ်းအနားသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကောင်းမွန်သောဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အာဆီယံအစားအစာပွဲတော်ကဲ့သို့ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ပွဲတော်မှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကပြဖျော်ဖြေတင်ဆက်ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သံအမတ်ကြီးတို့သည် ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာ၌ ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန် မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများဖြည့်ဆည်းလှူဒါန်းပေး



ညောင်ဦး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ အခက်ကြုံနေကြကြောင်း သိရ၍ ယနေ့နံနက်ပိုင်းတွင် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီး ငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ဌာနပိုင်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်ဖြည့်ဆည်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြည်သူ့အကျိုးပြုသောက်သုံးရေလှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ညွှန်ကြားမှုဖြင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီးငြိမ်းချမ်းနိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ် ကန်စောင့်ကျေးရွာရှိ အိမ်ခြေ ၂၅၀၊ လူဦးရေ ၁၂၀၀ ဦးအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေဂါလန် ၃၂၀၀ အား အိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျခွဲဝေလှူဒါန်းပေးရာ သောက်သုံးရေလိုအပ်နေချိန်လာရောက်ဖြည့်ဆည်းလှူဒါန်းပေးသဖြင့် ကျေးရွာနေပြည်သူများက ဝမ်းသာပျော်ရွှင်နေကြကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ အညာကျေးလက်ဒေသအချို့တွင် သောက်သုံးရေရှားပါးမှု အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် နယ်မြေမီးသတ်စခန်းများဖြစ်သည့် ငါ့သရောက်မြို့မီးသတ်စခန်း၊ တောင်ဇင်းနယ်မြေမီးသတ်စခန်း၊ ပုဂံနယ်မြေမီးသတ်စခန်းနှင့် စဥ့်ကူနယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ပြည်သူ့အကျိုးပြုသောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်းသိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှားပါးမျိုးစိတ်ဝင် ဘင်္ဂလားကျားနှင့် ဝက်ဝံမျိုးစိတ်တို့ ရှင်သန်ကျက်စားလျက်ရှိ





ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ တိရစ္ဆာန်မျိုးစိတ်များ ရှင်သန်ကျက်စားမှုကို လေ့လာသိရှိနိုင်ရန် နှစ်စဉ် ကင်မရာထောင်ချောက်များတပ်ဆင်၍ မှတ်တမ်းယူလေ့ရှိရာ ယခုနှစ် တပ်ဆင်ထားသည့် ကင်မရာထောင်ချောက်များမှ တစ်ဆင့် ရှားပါးမျိုးစိတ်ဝင် ဘင်္ဂလားကျားနှင့် ဝက်ဝံမျိုးစိတ် ရှင်သန်ကျက်စားမှုကို ဆက်လက်တွေ့ရှိရကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးသည် ဘေးမဲ့တောအတွင်း ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က ကင်မရာထောင်ချောက်များ တပ်ဆင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်၌ ကင်မရာများ ဖြုတ်သိမ်းခဲ့ကာ တောရိုင်းတိရစ္ဆာန်ကောင်ရေနှင့် အမျိုးအစားအလိုက် ရှင်သန်ကျက်စားမှုကို ဆက်လက်စစ်ဆေးမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

“ဒီနှစ်မှာလည်း နန်ရန်းရင်တစ်ဝိုက်မှာ တစ်ပွိုင့်ကို နှစ်လုံး၊ တစ်ယူနစ်ကို ကင်မရာ ၁၂ လုံးနဲ့ ကင်မရာထောင်ချောက် ၂၄ လုံး တပ်ဆင်ခဲ့ပါတယ်။ ရရှိထားတဲ့ပုံတွေကို ပြန်စစ်တဲ့အခါမှာ အရင်နှစ်ကလို ကျားနဲ့ ဝက်ဝံတွေ ရှင်သန်ကျက်စားမှုကို တွေ့ခဲ့ရပါတယ်။ ကင်မရာတစ်လုံးကို ပုံထောင်ကျော်ရရှိတဲ့အတွက် စစ်ဆေးမှုအားလုံးတော့ မပြီးသေးပါဘူး။ ထမံသီဘေးမဲ့တောကြီး ရေရှည်တည်တံ့ဖို့အတွက် ဒေသခံတွေ အပါအဝင် အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှသာ အောင်မြင်မှုရရှိမှာပါ” ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်း တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၇၄ ခုနှစ် မေလတွင် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၄ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ဟုမ္မလင်းမြို့၌ အုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်၍ ဘေးမဲ့တော ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အတည်ပြုသတ်မှတ်ခြင်းခံခဲ့ရသည်။

အမြဲစိမ်းတောနှင့် အထက်ရွက်ပြတ်ရောနှောတောစိုအဖြစ် တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ ငှက်မျိုးစိတ်များ၊ အပင်မျိုးစိတ်များစွာတည်ရှိနေပြီး မြန်မာနိုင်ငံတွင်သာတွေ့ရှိရသော မြန်မာ့တိုက်လိပ်အပါအဝင် နို့တိုက်သတ္တဝါ ၅၇ မျိုး၊ ငှက်မျိုးစိတ် ၃၃၂ မျိုး၊ ငါးမျိုးစိတ် ၆၇ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၇၇ မျိုး၊ အပင်မျိုးစိတ် ၄၃၂ မျိုး၊ ဆေးဖက်ဝင်အပင် ၁၉ မျိုး၊ ဝါး ၁၄ မျိုး၊ ကြိမ် ရှစ်မျိုး၊ ရေနေပင် ၂၃ မျိုး၊ မြက် ၁၈ မျိုးနှင့် သစ်ခွ ၁၆ မျိုးတို့ ရှင်သန်လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သစ္စာ(MNA)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 109 more illegal foreign migrants to Myanmar detained

NAY PYI TAW February 23

The government has cracked down on those who are involved in online gambling and scams and criminal activities in Shwe Kokko and KK Park - Myawady in Kayin State after transiting some neighbouring countries including Thailand and illegally entering Myanmar through border routes and 109 more foreigners were uncovered and detained today.

Combined teams of relevant departments are collecting their personal information and documents within a day in order to repatriate them to relevant countries as soon as possible. Between 30 January and 23 February, 2025, a total of 2,220 illegal foreign migrants were uncovered and detained and 673 of them have been repatriated to relevant countries through Thailand in accordance with the law, rules and regulations. The remaining 1,547 illegal migrants are ready for repatriation and they have been detained properly.

The government has effectively cracked down on various online criminal activities including online gambling and scams, which pose a threat to the country and the people, in cooperation with international organizations and the people as a national cause and those who were involved in such crimes are being repatriated. Authorities at different levels in regions and states are also uncovering online criminal activities including online gambling and scams effectively and taking resolute action against them.

**100**



Authorities inspect the collection of personal information of illegal foreign migrants.

## More than 70,000 visses of shrimps sold to Yangon market

BOGALE February 23

"Local fishery merchants and fishermen from Bogale Township of Ayeyawady Region sold 73,000 visses of shrimps to Yangon market," said Daw Tin Tin May, the owner of fishery product wholesale centre in Bogale Township.

They purchase shrimps from fishermen and processed them with systematic packaging to be sent to Yangon market.

Daw Tin Tin May commented: "Local merchants dispatch shrimps in various sizes to Yangon market. Consequently, those in operating the chains of fishery product trading have job opportunities. Merchants use trucks to transport fishery products from Bogale Township to Yangon market."

In Yangon market, shrimps from Bogale Township grasp firm market share. **SK**



## Maize, corns harvested in Kanbalu Township

KANBALU February 23

The statistics of Kanbalu Township Agriculture Department mentioned that a total of 89,464 acres of maize and corn plantations have been harvested in Kanbalu Township of Sagaing Region.

Local farmers planted 89,464 acres of maize and corn plantations in monsoon this year. They started harvesting of crops in August. So far, they have reaped 88,931 acres of maize yielding 57.38 baskets per acre and 533 acres of corns yielding 15,000 pieces of corns.

U Myo Zaw, Head of Kanbalu Township Agriculture Department said: "Local farmers planted 89,464 acres of maize and corns in monsoon in Kanbalu Township. Now, they are harvesting the crops. Our department raises farmer awareness to ensure thriving of the crops plantations, prevent pests and boost per-acre yield."

The township Agriculture Department conducts training courses for local farmers and agricultural staff in order to enhance their capacity for growing maize and corns, urging farmers to prevent pests and FAW and use traditional pesticides.

Farmers need to cost more than Ks-500,000 each per acre of maize and corns. **SMK**

## Tamu District completes cultivation of canola and niger on more than 7,000 acres of croplands

TAMU February 23

According to the Tamu District Department of Agriculture, a total of 7,732 acres of canola and niger crops have been cultivated so far during this year's winter crop planting season in Sagaing Region's Tamu District.

For the 2024-2025 winter crop planting season, it is planned to cultivate 9,320 acres of canola and niger in the district. Cultivation began in October this year, and as of today, a total of 7,732 acres have already been successfully cultivated.

"There is an annual cultivation of niger and canola plants. These crops are used not only for oil production but also for medicinal purposes. This year, it is planned to cultivate over 9,000 acres of niger and canola in the Tamu District during the winter season. Currently, over 7,000 acres have already been cultivated, and planting is ongoing. Efforts are being made to ensure that the planned acreage is fully cultivated," said U Hla Myint, the Head of the Tamu District Department of Agriculture.

This year, Myothit Township planted 3,226 acres of canola and 75 acres of niger, Tamu Township 3,482 acres of canola and 120 acres of niger and Khampak 809 acres of canola and 20 acres of niger, totalling 7,732 acres.

This cultivation season, Myothit Township earmarked cultivation of 3,000 acres of canola and 130 acres of niger, Tamu Township 4,870 acres of canola and 220 acres of niger and Khampak 1,050 acres of canola and 50 acres of niger, totalling 9,320 acres. **SK**

# State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Farmers reap monsoon paddy in Htigyaing Township

HTIGYAING February 23

Statistics of Htigyaing Township Agriculture Department stated that a total of 7,506 acres of monsoon paddy has been harvested in the township of Sagaing Region this year.

Farmers planted 40,010 acres of monsoon paddy in Htigyaing Township this year. They started harvesting of paddy in October this year. So far, they have completed harvest of 7,506 acres of crops, yielding 89.76 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture, explained: "Local farmers planted more than 40,000 acres of monsoon paddy. So far, they have reaped more than 7,000 acres of paddy. Our department provided necessary agricultural techniques for local farmers in addition to qualty strains of crops."

Officials of the Township Department of Agriculture cooperated with local farmers in growing monsoon paddy without difficulties this year.

Agricultural staff members urged farmers to minimize loss and waste in harvesting crops and keep them in the shelters in time.

Monsoon paddy plantations are thriving in the township. Officials of the township department help farmers select quality strains of crops, prevent pests and systematically use fertilizers.

**SMK**

# Kawlin District finishes cultivation of more than 2,000 acres of green gram

KAWLIN February 23

Statistics of Kawlin District Agriculture Department mentioned that a total of 2,063 acres of green gram has been planted in Kawlin District of Sagaing Region this year.

Local authorities earmarked cultivation of 2,200 acres of green gram in the district in 2024-2025 cold season but local farmers have planted 2,063 acres of crops against the target.

U Win Thein, Head of Kawlin District Agriculture Department disclosed: "This year, we plan to grow 2,200 acres of green gram in the district, 2,064 of which has been planted by local farmers so far. They are trying hard to meet the target cultivation. Our department share knowledge about agricultural techniques with local farmers to expand sown acreage of crops and use quality strains of seeds."

In Kawlin District, Kawlin Township planted 1,264 acres, Wuntho Township 140 acres and Pinlebu Township 659 acres, totalling 2,063 acres.

In 2024-2025 cold season, authorities earmarked 1,235 acres of green gram in Kawlin Township, 161 acres in Wuntho Township and 804 acres in Pinlebu Township, totalling 2,200.

This year, officials of relevant Township Agriculture Department disseminate knowledge about quality strains of crops, good agricultural techniques, prevention of pests and systematic use of fertilizers.

Moreover, officials of departments share quality strains of seeds, inputs and post-harvest technology with local farmers.

**SK**

# Some 1,000 acres of vegetables planted in Khamti Township

KHAMTI February 23

According to the Khamti Township Agriculture Department, a total of 979 acres of vegetables has been planted in Khamti Township of Sagaing Region this cold season.

In 2024-2025 cold season,local authorities earmarked 1,375 acres of vegetables in the township but farmers planted 979 acres of crops till today.

Daw Su Su Khaing, Head of Khamti Township Agriculture Department explained: "This cold season, township authorities set a plan to grow more than 1,000 acres of vegetables but farmers have planted 979 acres of crops. They grow mustard, chilli, spicy, potato, cabbage, eggplant, cauliflower and Chinese cabbage. Our department urges local farmers to grow crops in GAP system so as to produce healthy vegetables with least chemical residues."

Officials of the Township Agriculture Department conduct training courses for local farmers and agricultural staff of the department in order to enhance their capacity for growing vegetables successfully, producing healthy crops, applying agricultural techniques and expanding sown acreage of crops.

Khamti Township grows seasonal crops yearly. Thanks to thriving crops, they can earn family incomes to improve socio-economic life. Officials of Township Agriculture Department educate them to use correct agricultural techniques, prevent pest and systematically broadcast fertilizers and spray pesticides.

**SMK**

# UK and France plan to send 30,000 'peacekeepers' to Ukraine – WSJ

LONDON February 23

Britain and France are drafting a plan to deploy up to 30,000 "peacekeepers" in Ukraine, depending on whether Moscow and Kiev reach a ceasefire, The Wall Street Journal reported on Saturday, citing unnamed European officials.

However, that plan depends on persuading US President Donald Trump to commit to a limited American military role, the report said. While Washington has ruled out sending its forces to Ukraine, the UK and France hope the US agrees to supply a limited contingent with critical support, particularly when it comes to air defense, logistics, and intelligence.

European officials interviewed by the paper insist that "without Trump's backing, the European plan to send peacekeepers faces a difficult path."

The envisioned "reassurance force" would be primarily composed of British and French troops, and would focus on safeguarding vital infrastructure, cities, and ports, rather than being positioned along the front lines with Russia. Another facet of the roadmap would be the active use of drones and satellites to monitor Russia's compliance with a potential ceasefire, WSJ reports.

Previous media reports said that while the UK and France have long been proponents of deploying troops to Ukraine, several other EU members have been reluctant to seriously entertain the idea.

Moreover, Kiev is also skeptical. Mikhail Podoliak, an adviser to Ukrainian leader Vladimir Zelensky, said on Friday that the deployment of foreign peacekeeping forces "does not seem very realistic for now." He suggested that Kiev's Western backers increase their defence spending instead.

Zelensky previously indicated that Ukraine could require up to 200,000 European soldiers to guarantee any peace deal with Russia, with Western media reports arguing that amassing such a force would be a serious challenge for the West.

Meanwhile, Russian Foreign Minister Sergey Lavrov has firmly rejected the deployment of NATO troops in Ukraine as unacceptable, and Moscow has stated that any foreign military presence will be considered a legitimate target.

In November, Russia's Foreign Intelligence Service (SVR) said that the West might attempt to "essentially occupy Ukraine" under the guise of deploying peacekeepers. The SVR claimed that the plans could involve deploying up to 100,000 troops in Ukraine and partitioning the country into four large occupation zones. **RT**

# Donald Trump announces second round of Ukraine peace talks with Russian diplomats



WASHINGTON February 23

US President Donald Trump has announced a new phase of Ukraine war ceasefire negotiations between American and Russian delegations in a statement published by the public service network, C-Span.

Trump said the talks would take place in the Saudi capital Riyadh on 25 February, a week after the first round which took place in the same city on Tuesday.

After the meeting, US Secretary of State Marco Rubio said the two sides had broadly agreed to pursue three goals: to restore staffing at their respective embassies in Washington and Moscow; to create a high-level team to support Ukraine peace talks; and to explore closer relations and economic cooperation.

He stressed, however, that the talks, which were attended by his Russian counterpart Sergey Lavrov and other senior Russian officials, marked the beginning of a conversation and more work needs to be done.

Lavrov hailed the meeting as "very useful."


No Ukrainian officials were present, which came as the country is slowly losing ground against more numerous Russian troops, nearly three years after Moscow launched an all-out invasion of its smaller neighbour.

Ukrainian President Volodymyr Zelenskyy said his country would not accept any outcome from the talks since Kyiv didn't take part and he postponed his own trip to Saudi Arabia scheduled for last Wednesday.

European allies have also expressed dismay that they are being sidelined.

**Euronews**

# Six killed in Peru mall roof collapse



LIMA February 23

At least six people were killed and 78 others injured after the food court roof of a shopping mall collapsed in northwestern Peru, authorities said Saturday.

The accident happened at the busy shopping center Real Plaza Mall in Trujillo. According to state news agency Andina, 30 of the injured have been discharged while 48 remain in hospital, including three in critical condition.

Emergency crews responded minutes after the collapse and worked through the night to rescue survivors. Authorities described the structure as a heavy-duty installation, not a light canopy, which fell directly over the children's area of the food court.

Peru's Health Ministry has urged blood donations due to high demand.

Peruvian President Dina Boluarte called for a thorough investigation and severe penalties for those responsible. "We cannot allow economic interests to take precedence over human lives," she said.

The Trujillo Provincial Prosecutor's Office has launched a criminal investigation, while officials say the collapsed structure may have been improperly maintained.

The La Libertad regional government declared two days of mourning. **Xinhua**

# Trump "confident" about striking deal to end Ukraine conflict soon: White House

WASHINGTON February 23

U.S. President Donald Trump has expressed confidence that Washington can successfully negotiate the end of the Ukraine conflict "this week," White House Press Secretary Karoline Leavitt said Saturday.

"The president, his team are very much focused on continuing negotiations with both sides of this war to end the conflict, and the president is very confident we can get it done this week," Leavitt was quoted by top U.S. political website "The Hill" as saying on the South Lawn after returning from the Conservative Political Action Conference.

Leavitt also said that Treasury Secretary Scott Bessent has been involved in discussions about a proposed deal with the Ukrainians to harness raw minerals.

"When it comes to the critical minerals, this is an important piece for the president. It's very important for the president, because it will recoup American tax dollars," Leavitt said, according to "The Hill" report.

Meanwhile, the Speaker of Ukraine's Parliament has said that the Ukrainian government will start working in earnest from the beginning of next week to conclude an agreement on earth minerals and security assurances with the United States, according to reports from Ukraine.

Ruslan Stefanchuk, who is close to Ukrainian President Volodymyr Zelenskyy, said Friday that the Ukrainian government will have an expert team start from Monday working toward signing an agreement with the United States. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 22 will and shall 2

D Normally we use **shall** only with **I** and **we**. You can say:

**I shall** *or* **I will (I'll)** **we shall** *or* **we will (we'll)**

- **I shall** be late this evening. (*or* **I will** be)
- **We shall** probably go to France in June. (*or* **We will** probably go)

In spoken English we normally use **I'll** and **we'll:**

- **We'll** probably go to France.

The negative of shall is shall not or shan't:

- I **shan't** be here tomorrow. (*or* I **won't** be)

We do not normally use shall with he/she/it/you/they:

- She **will** be very angry. (*not* She shall be)

**will** and **shall** 1 → **Unit 21** **I will** and **I'm going to** → **Unit 23** **will be doing** and **will have done** → **Unit 24**
**will have to** → **Unit 31A** The future → **Appendix 3** American English → **Appendix 7**

### Exercises

**22.1** **Put in** will ('ll) **or** won't.

1 Can you wait for me? I won't be long.
2 There's no point in asking Amanda for advice. She ........................................................................ know what to do.
3 I'm glad I'm meeting Emma tomorrow. It ................................................................. be good to see her again.
4 I'm sorry about what happened yesterday. It ......................................................................... happen again.
5 You don't need to take an umbrella with you. I don't think it .............................................................. rain.
6 I've got some incredible news! You ............................................................... believe it.

**22.2** **Complete the sentences using** will ('ll). **Choose from the following:**

| | | | | |
|---|---|---|---|---|
| **it/be** | **she/come** | **you/get** | **you/like** | **you/enjoy** |
| **people/live** | **it/look** | **we/meet** | **you/pass** | **she/mind** |

1 Don't worry about your exam. I'm sure you'll pass .
2 Why don't you try on this jacket? .................................... nice on you.
3 You must meet Max sometime. I think ........................................................ him.
4 It's a very nice hotel. .......................................................................... your stay there.
5 It's raining hard. Don't go out. ....................................................................... very wet.
6 Do you think ............................................................................... longer in the future?
7 Goodbye! I'm sure ............................................................................. again before long.
8 I've invited Anna to the party, but I don't think ........................................................................... .
9 You can borrow Amy's umbrella. I don't think ................................................................................ .
10 It takes me an hour to get to work at the moment. When the new road is finished, .............................................. much quicker.

**Raymond Murphy**

# Business and Cyber Security

## တရုတ်နိုင်ငံမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများအား ကန့်သတ်မှုအပေါ် အမေရိကန်အား တရုတ် လက်တုံ့ပြန်မည်



အမေရိကန်က တရုတ်နိုင်ငံမှစီးပွားရေး ရင်းနှီးမြှုပ်နှံမှုများအား ကန့်သတ်မှုအပေါ် ပြန်လည် လက်တုံ့ပြန်မည်ဟု တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြထားသည်။

တရုတ်နိုင်ငံအနေဖြင့် လက်ရှိအခြေအနေများကို ထည့်သွင်းစဉ်းစားလျက်ရှိပြီး အမေရိကန်အစိုးရ၏ ဆောင်ရွက်ချက်များကို အနီးကပ်စောင့်ကြည့်ကာ မိမိတို့၏ တရားဝင်အခွင့်အရေးများနှင့် အကျိုးစီးပွားကို ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် တုံ့ပြန်မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂၂ ရက်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာ၍ ဈေးကွက်စီးပွားရေး၏ ဥပဒေများကို လေးစားသင့်ကြောင်းနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို လက်နက်သဖွယ်အသုံးပြုခြင်းအား ရပ်တန့်သင့်ကြောင်း တရုတ်အစိုးရက တိုက်တွန်းထားသည်။

အမေရိကန်၏ကန့်သတ်မှုများသည် တရုတ်နှင့် အမေရိကန်အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုကိုပျက်စီးစေပြီး အမေရိကန်အတွက် အကျိုးရှိမည်မဟုတ်ကြောင်း တရုတ်နိုင်ငံက တုံ့ပြန်ပြောဆိုထားသည်။

တရုတ်အစိုးရ၏ တုံ့ပြန်မှုသည် အမေရိကန်အစိုးရက နိုင်ငံ၏အမျိုးသားလုံခြုံရေးအကျိုးစီးပွားကို အခြားပြည်ပကုမ္ပဏီများ၏ခြိမ်းခြောက်မှုမှ ကာကွယ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကန့်သတ်ရန် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ထုတ်ပြန်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

Ref: Ivt

## အမေရိကန်၏ သဘာဝအရင်းအမြစ်ထုတ်ယူရေး ကမ်းလှမ်းမှုက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတစ်ရပ်ဟု ယူကရိန်းအကြံပေးပြော

အမေရိကန်အစိုးရ၏ သဘာဝအရင်းအမြစ်ထုတ်ယူရေးကမ်းလှမ်းမှုသည် ယူကရိန်းနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီး အကြံပေးတစ်ဦးက ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြောသည်။

ထို့ပြင်ယူကရိန်းနှင့်အမေရိကန်တို့ကြား မြေရှားသတ္တုဆိုင်ရာ သဘောတူညီချက်သည် ယူကရိန်းအတွက် မဟာဗျူဟာမြောက်လုပ်ဖော်ကိုင်ဖက်နိုင်ငံတစ်နိုင်ငံကို ရရှိစေမည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးအကြံပေး အိုလက်ဇန္ဒား ကူဘရာကော့က ပြောသည်။

မြေရှားသတ္တုအရင်းအမြစ်များကို ထုတ်ယူရာတွင် ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများလိုအပ်ပြီး အမေရိကန်နှင့် စေ့စပ်ဆွေးနွေးခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ယူကရိန်းနိုင်ငံအား လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ဘီလီယံရာပေါင်းများစွာသော ငွေကြေးများကို ပေးအပ်ခဲ့ပြီးဖြစ်ရာ အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းရှိ မြေရှားသတ္တုအပါအဝင် ရေနံတို့အား အမေရိကန်သို့ပေးအပ်ရန် တောင်းဆိုမည်ဟု သမ္မတဒေါ်နယ်ထရမ့်က အစောပိုင်းတွင် တောင်းဆိုထားသည်။

ထို့ပြင် အမေရိကန်နှင့် အရင်းအမြစ်ထုတ်ယူရေး သဘောတူညီချက်အား လက်မှတ်ရေးထိုးခြင်းမရှိပါက အခက်အခဲပြဿနာများနှင့် တွေ့ကြုံရဖွယ်ရှိသည်ဟု ထရမ့်ကယူကရိန်းအစိုးရအား ဖေဖော်ဝါရီလ ၂၁ ရက်တွင်သတိပေးထားသည်။Ref: Ivt



## ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ဒစ်ဂျစ်တယ်ငွေကြေးများခိုးယူသွားသည့် ဟက်ကာများကို ဖမ်းဆီးနိုင်ရန်အကူအညီပေးသူများအား ဒေါ်လာသန်း ၁၄၀ အထိ ပေးအပ်မည်ဟု ByBit ကြေညာ




ဒူဘိုင်းအခြေပြု Cryptocurrency exchange ကုမ္ပဏီကြီးဖြစ်သည့် ByBit က ၎င်းတို့၏ ဝန်ဆောင်မှုစနစ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်၍ ဒစ်ဂျစ်တယ်ငွေကြေးများအားခိုးယူသွားသည့်ဟက်ကာများကို ဖမ်းဆီးပေးနိုင်ရန် အကူအညီပေးသူများအား ဆုငွေအဖြစ် ဒေါ်လာသန်း ၁၄၀ အထိ ပေးအပ်မည်ဟုကြေညာသည်။

ByBit ကုမ္ပဏီသည် သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံး Cryptocurrency ခိုးယူမှုဟုယူဆရသည့်ဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီး ဟက်ကာများသည် နေ့စဉ်ရောင်းဝယ်မှုပြုလုပ်နေသည့် warm wallet ဟုအမည်ပေးထားသည့် ဒစ်ဂျစ်တယ်ငွေကြေးသိုလှောင်မှုစနစ်ကို ဖေဖော်ဝါရီလ ၂၁ ရက်တွင် ထိန်းချုပ်၍ ယင်းစနစ်မှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ငွေကြေးနှင့်လဲလှယ်နိုင်သည့် ဒစ်ဂျစ်တယ်ငွေကြေးများကို ခိုးယူသွားခြင်းဖြစ်သည်။

ထို့ကြောင့်ဒစ်ဂျစ်တယ်ငွေကြေးများအား ခိုးယူသွားသည့် ဟက်ကာများကို ဖမ်းဆီးနိုင်ရေးအတွက် အကူအညီပေးနိုင်သူအား ခိုးယူခံရသည့်ငွေကြေး၏ ၁၀ ရာခိုင်နှုန်းခန့်ကို ဆုငွေအဖြစ်ပေးအပ်မည်ဟု ByBit တည်ထောင်သူ ဘန်ကျူက ၎င်းတို့၏ ဝက်ဆိုက်၌ ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကြေညာခြင်းဖြစ်သည်။

ယခုဖြစ်ပွားသည့် ဆိုက်ဘာတိုက်ခိုက်မှုသည် ByBit ကုမ္ပဏီအတွက်သင်ခန်းစာဖြစ်ပြီး ၎င်းတို့၏ လုံခြုံရေးစနစ်ကို ပြန်လည်အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားထားသည်။

Ref: Ivt

## အကူအညီတောင်းခံပါက ယူကရိန်းနိုင်ငံသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များစေလွှတ်ရန်အသင့်ရှိဟု ဆွစ်ဇာလန်ပြော

ဂျနီဗာ၊ စစ်ရေး

ဆွစ်ဇာလန်နိုင်ငံအနေဖြင့် အကူအညီတောင်းခံပါက ယူကရိန်းနိုင်ငံသို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ စေလွှတ်ရန်အသင့်ရှိကြောင်း ဆွစ်ဇာလန်ကြည်းတပ်မတော်အကြီးအကဲတစ်ဦးက ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြောသည်။

မိမိတို့အနေဖြင့် ယူကရိန်းမစ်ရှင်တွင် ပါဝင်ရမည်ဆိုပါက တပ်ဖွဲ့ဝင်များ ဖြန့်ကြက်နိုင်ရန်အတွက် လေ့ကျင့်မှုနှင့် ပြင်ဆင်မှုများကို လုပ်ဆောင်ရန်အတွက် အယူအဆများကို ဖော်ထုတ်မည်ဖြစ်သည်။

ယင်းနောက် ဆွစ်ဇာလန်နိုင်ငံက လာမည့် ၉ လနှင့် ၁၂ လအတွင်း တပ်ဖွဲ့ဝင် ၂၀၀ ခန့်ကို ယူကရိန်းသို့ စေလွှတ်နိုင်ကြောင်း တပ်မှူးတစ်ဦးဖြစ်သူ သောမတ်ဇူဆလီက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခြင်းဖြစ်သည်။

လက်ရှိတွင် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က ယူကရိန်းနိုင်ငံသို့ ဥရောပငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၃၀၀၀၀ ခန့်ကို စေလွှတ်မည့် အစီအစဉ်တစ်ရပ်ကို ရေးဆွဲလျက်ရှိသည်ဟု Wall Street Journal က ဖေဖော်ဝါရီလ ၂၃ တွင်ဖော်ပြထားကြောင်း သိရသည်။

သို့သော် ယူကရိန်းနိုင်ငံသို့ ဥရောပငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ စေလွှတ်မည့်အစီအစဉ်သည် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က အမေရိကန်သမ္မတဒေါ်နယ်ထရမ့်လက်ခံနိုင်စေရန် ဖျောင်းဖျနိုင်မှုအပေါ် မူတည်လျက်ရှိကြောင်း သတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref: Ivt

# ရုရှားနှင့်အမေရိကန်တို့ကြား ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်တွင် ကျင်းပမည်



**မော်စကို၊ နိုင်ငံရေး**

ရုရှားနှင့် အမေရိကန်တို့ကြား ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၂၅ ရက်တွင် ထပ်မံကျင်းပမည်ဖြစ်ကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂျီရီယက်ကော့က ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပြောသည်။

ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့တော်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နှစ်နိုင်ငံစလုံးမှ အဆင့်မြင့်အရာရှိကြီးများကြား ပထမဆုံးအကြိမ်အဖြစ် အဆိုပါမြို့၌ကျင်းပပြီးနောက် ရက်သတ္တပတ်အကြာတွင် ထပ်မံကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

ရုရှားနှင့် အမေရိကန်အရာရှိကြီးများကြား ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးပြန်လည်ထူထောင်ရန် စီစဉ်နိုင်ခဲ့သည့်အပြင် ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးမှုအတွက် နှစ်နိုင်ငံစလုံးမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ ဖွဲ့စည်းရန်အတွက်လည်း စီစဉ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရုရှားနှင့် အမေရိကန်အရာရှိကြီးများသည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ကြား မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက်လည်း ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း ဆာဂျီရီယက်ကော့က ဆက်လက်ပြောကြားသည်။


Ref: Tass, Euronews

# အသံထက်မြန်ဒုံးကျည်များသယ်ဆောင်နိုင်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောတစ်စင်းကို တရုတ်တည်ဆောက်ဟုဆို

**ပေကျင်း၊ ကာကွယ်ရေးနည်းပညာ**

တရုတ်နိုင်ငံသည် အသံထက်မြန်ဒုံးကျည်များကို သယ်ဆောင်နိုင်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောတစ်စင်းကို တည်ဆောက်လျက်ရှိသည်ဟု အရင်းအမြစ်တစ်ခု၏ ပြောကြားချက်ကို ကိုးကား၍ South China Morning Post သတင်းစာက ဖေဖော်ဝါရီလ ၂၃ ရက်တွင်ဖော်ပြသည်။

အဆိုပါရေငုပ်သင်္ဘောသစ်ကို ဝူဟန်သင်္ဘောကျင်းတွင် တည်ဆောက်နေခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်း၌ ဖြန့်ကြက်ထားသည့် တာလတ်ပစ်ဒုံးကျည်များကို တိုက်ခိုက်ဟန့်တားရာတွင် အသုံးပြုမည်ဖြစ်ကြောင်းသိရသည်။



လက်ရှိတည်ဆောက်နေသည့် ရေငုပ်သင်္ဘောသစ်တွင် နည်းပညာအမြင့်မားဆုံး အသံထက်မြန် ဒုံးကျည်များတပ်ဆင်မည်ဖြစ်ပြီး ဒေသတွင်း၌ ပြည်ပနိုင်ငံများ၏ စစ်ရေးအရပါဝင်နေခြင်းကို တန်ပြန်နိုင်ရန်အတွက်၎င်းသင်္ဘောသစ်အားတည်ဆောက်နေခြင်းဖြစ်ကြောင်း South China Morning Post သတင်းစာတွင် ဖော်ပြထားသည်။

ဒေသတွင်း၌ ပြည်ပနိုင်ငံများ၏ စစ်ရေးအရပါဝင်နေခြင်းသည် အမေရိကန်က ဖိလစ်ပိုင်နိုင်ငံတွင် Typhoon ဒုံးကျည်ပစ်စင်များကိုဖြန့်ကြက်ထားခြင်းနှင့် ဖိလစ်ပိုင်နှင့် အမေရိကန်တို့ကြား ၂၀၂၄ ခုနှစ် ဧပြီလအတွင်းက လူဇွန်ကျွန်း၌လုပ်ဆောင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ရည်ညွှန်းခြင်းဖြစ်ကြောင်းသိရသည်။

သို့သော် အဆိုပါရေငုပ်သင်္ဘောသစ်တည်ဆောက်နေခြင်းနှင့် စပ်လျဉ်း၍ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က တရားဝင်အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

Ref: Ivt

## သတင်းတိုကဏ္ဍ

# ပီရူးနိုင်ငံတွင် ဈေးဝယ်စင်တာတစ်ခုရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အမိုးပြိုကျခဲ့ရာ အနည်းဆုံး လူ ၆ ဦးသေဆုံးပြီး ၇၈ ဦးဒဏ်ရာရ

ပီရူးနိုင်ငံ အနောက်မြောက်ပိုင်းတွင် ဈေးဝယ်စင်တာတစ်ခုရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အမိုးပြိုကျခဲ့ရာ အနည်းဆုံး လူ ၆ ဦးသေဆုံးပြီး ၇၈ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါဖြစ်ရပ်သည် ထရူဂျီလိုမြို့ရှိ လူစည်ကားသည့် Real Plaza ဈေးဝယ်စင်တာတွင် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဖြစ်ပွားခြင်းဖြစ်ပြီး Andina သတင်းအေဂျင်စီကဖော်ပြသည်။

အာဏာပိုင်အဖွဲ့သည် အမိုးပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်းသိရသည်။

ယခုအခါ ဒဏ်ရာရရှိသူများအနက် ၃၀ ဦးမှာ ဆေးရုံမှပြန်ဆင်းသွားပြီး ကျန် ၄၈ ဦးမှာ ဆေးကုမှုဆက်လက်ခံယူလျက်ရှိကြောင်း သိရသည်။

Ref: Xinhua

---

# ပါလက်စတိုင်းအကျဉ်းသားများအား ပြန်လွှတ်ပေးရန်အတွက် အစ္စရေးကို ဖိအားပေးရန် ဟားမက်တောင်းဆို

ပါလက်စတိုင်းအကျဉ်းသားများအား ပြန်လွှတ်ပေးရန်အတွက် ကြားဝင်ဖျန်ဖြေသူများက အစ္စရေးကို ဖိအားပေးကြရန် ဟားမက်အဖွဲ့က တောင်းဆိုလိုက်ကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေးတွင် ပါဝင်ခဲ့သည့် ကြားဝင်ဖျန်ဖြေသူများနှင့် အာမခံပေးသည့် နိုင်ငံများအနေဖြင့် အစ္စရေးအား သဘောတူညီချက်ပါအချက်များအား နှောင့်နှေးခြင်းမရှိဘဲ အကောင်အထည်ဖော်ဆောင်ရန်အတွက် ဖိအားပေးသင့်ကြောင်း ဟားမက်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒယ်လာတစ်အယ်ကာနူမာက ဖေဖော်ဝါရီလ ၂၂ ရက်တွင် တောင်းဆိုခြင်းဖြစ်သည်။

ထို့ပြင် အစ္စရေးက ပါလက်စတိုင်းအကျဉ်းသားများအား ပြန်လွှတ်ရန် ငြင်းဆိုခြင်းကို လက်ခံနိုင်ခြင်းမရှိဟု ဟားမက်အဖွဲ့က ပြောကြားသည်။

ဟားမက်အဖွဲ့က ၎င်းတို့ဖမ်းဆီးထားသည့် အစ္စရေးဓားစာခံများအား အရှက်ခွဲခြင်းမရှိဘဲ ပြန်လွှတ်ပေးသည့်အချိန်မတိုင်မီအထိ ပါလက်စတိုင်းအကျဉ်းသား ၆၂၀ ဦးကို ပြန်လွှတ်ပေးမည့် အစီအစဉ်အား အစ္စရေးကရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး၏ထုတ်ပြန်ချက်ကို ကိုးကား၍ မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref: Ivt

# ဒူဘိုင်းအိမ်ရှေ့မင်းသားက ကမ္ဘာ့အမြင့်ဆုံး Burj Khalifa အဆောက်အအုံပေါ်မှ လေထီးဖြင့်ခုန်ချပြ

**ဒူဘိုင်း၊ ထူးခြားဆန်းပြား**


အာရပ်စော်ဘွားများပြည်ထောင်စု၏ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဒူဘိုင်းအိမ်ရှေ့မင်းသားသည် ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံပေါ်မှ လေထီးဖြင့်ခုန်ချပြခဲ့ကြောင်း သိရသည်။

ဒူဘိုင်းအိမ်ရှေ့မင်းသား ရှိတ်ဟမ်ဒန်ဘင်မိုဟာမက်ဘင် ရာရှစ်အယ်မက်တွန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆောက်အအုံဖြစ်သည့် Burj Khalifa ပေါ်မှ လေထီးဖြင့်ခုန်ချပြသည့် ဗီဒီယိုပြကွက်ကို ၎င်း၏ ဆိုရှယ်မီဒီယာဝက်ဆိုက်တွင် ဖေဖော်ဝါရီလ ၂၂ ရက်တွင် ဖော်ပြထားသည်။

အိမ်ရှေ့မင်းသားသည် Burj Khalifa ပေါ်မှ လေထီးဖြင့် ခုန်ချရာတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အားကစားသမား ၃၁ ဦးနှင့်အတူခုန်ချခဲ့ခြင်းဖြစ်သည်။ ထိုသို့ခုန်ချရာတွင် အဆိုပါ အဆောက်အအုံ၏ ၁၃၉ မြောက်အထပ်မှ အထက် ၆ မီတာအကွာတွင် ဖန်တီးထားသည့် ခုန်ချရန် စီစဉ်ထားသော စင်မြင့်ပေါ်မှ ခုန်ချခြင်းဖြစ်ကြောင်းသိရသည်။

ရှိတ်ဟမ်ဒန်ဘင်မိုဟာမက်ဘင် ရာရှစ်အယ်မက်တွန်း ဖော်ပြခဲ့သည့် ဗီဒီယိုပြကွက်အား လူ ၅ သန်းနီးပါး ဝင်ရောက်ကြည့်ရှုခဲ့ကြောင်း ဖော်ပြချက်အရ သိရသည်။


Ref: Ivt



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဖေဖော်ဝါရီလ ၂၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၀၆၀၂၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၂၂ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Young Man Bus(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၅၃၈) တန်၊ အခြားသစ် (၄ ဒသမ ၄၁၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၇၄၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၂၈၇၄၁)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ နမ့်လန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၅၀၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Bus (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုးနှင့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၆၅၁၇၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၆၁၆၇၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ မြို့ရှောင်လမ်း၊ ကားလေးကွင်းအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၂၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၅၇၈၆၅၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းရီသန်းအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၂၁ ရက် ညနေ ၃ နာရီတွင် ကျိုင်းတုံမြို့နယ်၊ ပင်းတောက်ကျေးရွာအုပ်စု၊ ဝမ်တာပုံကျေးရွာအနီးတွင် မိုင်းခတ်မှ ကျိုင်းတုံဘက်သို့ စိုင်းရီသန်း မောင်းနှင်လာသည့် TOYOTA HIACE အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ ကီလို(တစ်ကီလိုလျှင် သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀၀) ကိုလည်းကောင်း၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ပါကွေ့(အောက်)ကျေးရွာအနီးတွင် ဘာဘင် (ခ) အားဘူ မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၂၄ ကီလို (တစ်ကီလိုလျှင် ခုနစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၈ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကသာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းခြင်းအခမ်းအနားကျင်းပ

**ကသာ ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ သိကောင်းစရာများအား ရှင်းလင်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာထွန်းက ပြည်သူ့စစ်မှုထမ်းဥပဒေ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံတကာ၏ စစ်မှုထမ်းဆောင်ရခြင်းအကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်လှိုင်မြင့်က စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှကင်းလွတ်ခွင့်ရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ယာယီရွှေ့ဆိုင်းခွင့်ရနိုင်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးများနှင့် ပြည်သူများစိုးရိမ်ခြင်းမဖြစ်စေရေးတို့ကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးတူးခေါင်က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေ၏ ကွာခြားမှု၊ ဥပဒေသက်ရောက်သည့်ကာလ၊ တာဝန်ယူဆောင်ရွက်ရသည့် ဌာန၊ အဖွဲ့အစည်းနှင့် စစ်မှုထမ်းဆောင်ခြင်းကို ရှောင်လွှဲပါက ကျခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ခံစားခွင့်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**ကျော်စွာ(ကသာ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈˚C | / | ၃၆˚C |
| ရန်ကုန် | ၁၉˚C | / | ၃၇˚C |
| မန္တလေး | ၁၉˚C | / | ၃၄˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ညောင်လေးပင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ ဆင့်မအကြိမ်မြောက်ထုတ်ချေး



ညောင်လေးပင် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု လက်ပံခုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေများ ဆင့်မအကြိမ်မြောက်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းက VRFP စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့်မြို့နယ်ဦးစီးမှူးတို့က VRFP စီမံကိန်းကျေးရွာလုပ်ငန်းအဖွဲ့ထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း VRFP ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် VRFP ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ပံခုံကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးတို့ကို VRFP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို နေ့ချင်းအပြီး အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**

# မီးဘေးလုံခြုံရေးဟောပြောပွဲနှင့်မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

ပြည် ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် ပြည်မြို့ ဂန္ဓမာစက်မှုဇုန်ရှိ သီတာမြန်မာအထည်ချုပ်စက်ရုံ၌ မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြလေ့ကျင့်မှု ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါစက်ရုံမှတာဝန်ရှိသူများနှင့်ဝန်ထမ်းများအား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းစိုးက နွေရာသီရောက်ရှိလာပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံများအနေဖြင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်မှုများအပါအဝင် မီးလောင်မှုများမဖြစ်ပေါ်ရေး အထူးဂရုပြုကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုပုံနှင့် စနစ်တကျမီးငြိမ်းသတ်နည်း၊ ရေစိုအဝတ်ဖြင့် ဖုံးအုပ်မီးငြိမ်းသတ်နည်းတို့ကို ယင်းစက်ရုံဝန်ထမ်းများနှင့်အတူ လက်တွေ့သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်ကြောင်းသိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ကန့်ဘလူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးချိန်တွင် နှမ်း ၁၀၆၃ ဧကစိုက်ပျိုးမည်

ကန့်ဘလူ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေနှမ်းဧက ၁၀၆၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်၍ စိုက်ပျိုးမည်ဖြစ်ကာ နှမ်းစိုက်ပျိုးမှုအနေဖြင့် ဆောင်းနှမ်းကိုသာ အဓိကထား၍ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးချိန် နွေနှမ်းဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ နွေနှမ်းစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်သည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အတွက် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းမကဘဲ သီးထပ်စိုက်ပျိုးနိုင်လေလေ အကျိုးရှိလေလေဖြစ်သည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ခေတ်မီနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

# မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

မက်မန်း ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာဗဟုသုတများရရှိစေရန်အတွက် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် ဌက်ယောင်းကျေးရွာအုပ်စု ပန်ပွဲကျေးရွာ၌ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှိုင်မင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နည်းပညာဦးစီးအရာရှိ ဦးမျိုးသိန်းက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားတက်ရောက်လာကြသည့်ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်းသိရသည်။ **စိန်လွင်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၃


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ဖေဖော်ဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် မော်လမြိုင်ကျွန်းမြို့နယ်အမှတ်(၉)ရပ်ကွက်အတွင်းရှိ နေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုများမဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်မီးများအသုံးပြုရာ၌ မီးဘေးလုံခြုံရေး အလေးထားဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးချိတ်မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ စီစဉ်ဆောင်ရွက်ထားရှိရန်၊ ထင်း၊ မီးသွေးများဖြင့်ချက်ပြုတ်ရာတွင် ထမင်းဟင်းများချက်ပြုတ်ပြီးပါက စနစ်တကျငြိမ်းသတ်ထားရှိရန်၊ ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်မီးများနှင့် ခြင်ဆေးခွေများ စနစ်တကျအသုံးပြုရန်နှင့်မီးဘေးအန္တရာယ်ကြုံတွေ့ရပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီသတင်းပေးပို့ကြရန် ရပ်ကွက်နေပြည်သူများအား ဆွေးနွေးမှာကြား၍ နေအိမ်များအတွင်း မီးဘေးလုံခြုံစိတ်ချရမှုရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။



**ရဲကိုမောင်(ပြန်/ဆက်)**

# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ (၄၁) ကြိမ်မြောက် ဓမ္မယုတ္တိကနိကာယအသင်း ရေးဖြေစာမေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပ



ချောင်းဆုံ ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ပရိယတ္တိစာပေထူးချွန်သူ ရဟန်းရှင်လူများ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် (၄၁) ကြိမ်မြောက် မဟာရင်ဂိုဏ်းလုံးဆိုင်ရာ ဓမ္မယုတ္တိကနိကာယအသင်း ရေးဖြေစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် ကဒါကျေးရွာ ခေမာသိဝံပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရေးဖြေစာမေးပွဲဖွင့်ပွဲအခမ်းအနားကို မင်္ဂလာသုခကျောင်း ဦးစီးပဓာနနာယကဆရာတော်၊ ဓမ္မယုတ္တိကနိကာယအသင်း စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကတိုးမဟာရင် ဆရာတော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကောလိယာနန္ဒ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားတင်ပြပြီး ဓမ္မယုတ္တိကနိကာယအသင်းစာမေးပွဲကျင်းပရေးအတွက် အလှူငွေ ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ အသီးသီးဆက်ကပ်လှူဒါန်းကြပြီး စာမေးပွဲကျင်းပရေးကော်မတီမှ မွန်ပြည်နယ်ဝန်ကြီးချုပ်အား အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ဩဝါဒါစရိယ မင်္ဂလာသုခကျောင်းတိုက်ဆရာတော်ထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူကြပြီး စာဖြေသံဃာတော်၊ သီလရှင်များ၏ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ စာမေးပွဲကျင်းပသည့်ကာလအတွင်း စာဖြေသံဃာတော်များနှင့်သီလရှင်များအတွက် လိုအပ်သည်များ ဖြည့်ဆည်းကုသိုလ်ယူကြသည်။

အဆိုပါရေးဖြေစာမေးပွဲကို ဆရာတော်၊ သံဃာတော် ၈၂ ပါး၏ ကြီးကြပ်မှုဖြင့် ဝင်ရောက်ဖြေဆိုသူ သံဃာတော်နှင့် သီလရှင်ဂုဏ်ထူးတန်းကိုးပါး၊ ဓမ္မာစရိယတန်း ၈၂ ပါး၊ ပထမကြီးတန်း ၂၈ ပါး၊ ပထမလတ်တန်း ၄၅ ပါး၊ ပထမငယ်တန်း ၉၃ ပါး၊ မူလတန်း ၈၈ ပါး၊ ဥပစာတန်း ၁၃၂ ပါး စုစုပေါင်း စာဖြေသံဃာတော်နှင့် သီလရှင် ၄၇၇ ပါး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲကို ဖေဖော်ဝါရီလ ၂၃ ရက်မှ ၂၆ ရက်အထိ လေးရက်ကြာကျင်းပလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# မန္တလေးတိုင်းဒေသကြီး၌ လာမည့်ဘဏ္ဍာနှစ်တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၆၃၀ ဆောင်ရွက်ရန် လျာထား

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး၌ လာမည့်ဘဏ္ဍာနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ဓာတုဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၄၁၉ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၂၁၁ ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၆၃၀ ဆောင်ရွက်ရန်လျာထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျမှတ်ပုံတင်စေပြီး ထုတ်ကုန်များ အရည်အသွေးကောင်းမွန်မှန်ကန်မှုရှိစေရန်နှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင်လည်း ဓာတုဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၃၈၃ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၄၃၅ ခု စုစုပေါင်း ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၈၁၈ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"လာမယ့်ဘဏ္ဍာနှစ်မှာ စားသောက်ကုန်၊ လူသုံးကုန်နဲ့အလှကုန်ပစ္စည်းတွေကို ဓာတုဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၄၁၉ ခုနဲ့ အဏုဇီဝဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု ၂၁၁ ခု စုစုပေါင်း ၆၃၀ လျာထားဆောင်ရွက်ပါမယ်။ ကိုယ့်ရဲ့ထုတ်ကုန်တွေမှာ သုံးစွဲသူအတွက် ဘေးအန္တရာယ်ဖြစ်စေမယ့် Chemical တွေ၊ အဏုဇီဝပိုးမွှားတွေ ပါဝင်တယ်ဆိုရင် သုံးစွဲသူတွေမှာ ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို သက်ဆိုင်ရာမှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုတွေ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်" ဟု မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းဗိုလ်ကပြောသည်။

ထိုသို့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဝယ်ယူသုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများတွင် တားမြစ်ထားသော တာရှည်ခံဆေးများ၊ အစိုဓာတ်များ၊ အဏုဇီဝပိုးများနှင့် ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်မှုရှိ၊ မရှိတို့ကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ဟသ်ာတမြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

ဟသ်ာတ ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်၌ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိခိုင်၏ပြောပြချက်အရ သိရသည်။

ဟသ်ာတမြို့နယ်၌ ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်မှစတင်၍ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"စားတော်ပဲက အရင်ထက် တော်တော်လေး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့စားတော်ပဲတွေက လက်ကျန်ပဲအဟောင်းတွေပါ။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်လိုအားကောင်းလာပါတယ်"ဟု ဒေါ်အိအိခိုင်ကပြောသည်။

ဟသ်ာတမြို့နယ်၌ စားတော်ပဲအပါအဝင် တခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုရှိလာပြီး ဒေသဈေးကွက်အတွင်း ပဲမျိုးစုံဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြံ့ကြိတ်ကျေးရွာအုပ်စု ကြံ့ကြိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် တာဝန်ရှိသူများက ကြံ့ကြိတ်ကျေးရွာ၌ စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကြံ့ကြိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ စီမံကိန်းရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ မြစိမ်းရောင် အသင်းသား၊ အသင်းသူ ၂၀၄ ဦးကို ငွေကျပ် သိန်း ၃၉၀ အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကိုဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း– ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
Tea Mix
Lemon Tea
Black Tea
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိသည့်
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



လင်းခေး ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းနု၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့များ ကိုယ်တိုင်ရေးသွင်းထားသော စာရင်းဇယားပုံစံများမှန်ကန်မှုရှိ၊ မရှိကို စစ်ဆေးသည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နမ့်အွန်ကျေးရွာ၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ ၆၁ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ကွန်ဟိန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် နမ့်မော်ငင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂၃ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၁ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်မော်ငင်းကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့်သူ အသင်းသား၊ အသင်းသူ ၃၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်၅၆၁ သိန်းအား အသင်းသူ၊ အသင်းသားများ၏လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။ **ချိုသန်းညွန့် (ကျေးလက်)**

# မုံရွာမြို့နယ်၌ ဆောင်းနှမ်းဧက ၁၂၅၆၀ ရိတ်သိမ်းပြီးစီး

မုံရွာ ဖေဖော်ဝါရီ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆောင်းနှမ်းဧက ၁၂၅၆၀ အထိစိုက်ပျိုးနိုင်ပြီး အဆိုပါစိုက်ပျိုးထားသော ဆောင်းနှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင်ရိတ်သိမ်းကြရာ ယနေ့အထိ ဧက ၁၂၅၆၀ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၂ ဒသမ ၇၆ တင်းထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ဆောင်းနှမ်း ဧက ၁၂၅၆၀ အထိ စိုက်ပျိုးနိုင်ပါတယ်။ စိုက်ပျိုးထားတဲ့နှမ်းခင်းတွေက ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

မုံရွာမြို့နယ်တွင် ဆောင်းနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ကြောင်း၊ ဈေးနှုန်းပိုမိုရရှိနိုင်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်မှုသည် နိုင်ငံ၏ကုန်ထုတ်စွမ်းအားတိုးတက်ပြီး ဂျီဒီပီပမာဏ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသအလိုက် သီးနှံမျိုးစုံဖြစ်ထွန်းရှင်သန်စေနိုင်မည့် မတူညီသည့် ရာသီဥတု၊ မြေအမျိုးအစား၊ သဘာဝဂေဟစနစ်၊ စိုက်ပျိုးရေးအရင်းအမြစ် စသည့် စိုက်ပျိုးရေးကိုအထောက်အကူပြုသည့် အခြေခံကောင်းများပြည့်စုံကြွယ်ဝသော နိုင်ငံဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို လျာထားပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့်အထွက်နှုန်းပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက် အဝေးကွင်း ၂၈ ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံး နည်းပြအဖြစ် နည်းပြအလွန်ဆို မှတ်တမ်းဝင်



ဘာလင် ဖေဖော်ဝါရီ ၂၃

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၂၃) အဖြစ် ဟူစတိန်ကယ်အသင်းနှင့် လေဗာကူဆင်အသင်းတို့ ကစားသည့်ပွဲစဉ်တွင် လေဗာကူဆင်အသင်းက အဝေးကွင်း၌ ၂ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အဝေးကွင်း ၂၈ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံးနည်းပြအဖြစ် နည်းပြအလွန်ဆို မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လေဗာကူဆင်အသင်းသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လီဗာပူးအသင်းနှင့် အက်သလက်တီကိုအသင်းကို အဝေးကွင်း၌ ရှုံးနိမ့်သော်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဝေးကွင်း ပွဲစဉ်များ၌ ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ဆဲဖြစ်ပြီး မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် တခြားရှုံးထွက်ဖလားပြိုင်ပွဲတွင်သာ ရှုံးနိမ့်ခဲ့ပြီး ဘွန်ဒက်စ်လီဂါပြိုင်ပွဲအဝေးကွင်း၌ ရှုံးနိမ့်ခြင်းမရှိဘဲ ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ၁၇ ပွဲကစားရာတွင် ၁၄ ပွဲအနိုင်ရရှိပြီး သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့သည်။ ယခုဘောလုံးရာသီတွင်လည်း ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဝေးကွင်းရှုံးပွဲမရှိသေးဘဲ ၁၁ ပွဲကစားပြီးချိန်တွင် ခြောက်ပွဲအနိုင်ရရှိကာ ငါးပွဲသရေရလဒ်ထွက်ပေါ်ပြီး နည်းပြအလွန်ဆိုလက်အောက်တွင် လေဗာကူဆင်အသင်းအနေဖြင့် အဝေးကွင်း ၂၈ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြအလွန်ဆိုလက်အောက်တွင် တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့် ဂျာမန်ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုကို သိမ်းဝင်ဆွတ်ခူးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီ ၂၃ ပွဲကစားပြီးချိန်တွင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်က ကစားသည့် လိုက်ပဇစ်အသင်းနှင့်ပွဲစဉ်တွင် အိမ်ကွင်း၌ ၃ ဂိုး–၂ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ယခုဘောလုံးရာသီတွင် ပထမဆုံးရှုံးပွဲတွေ့ကြုံခဲ့ရသော်လည်း အဝေးကွင်းမှတ်တမ်းကောင်းတစ်ရပ်ကို ထိန်းထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ကစားသမားဘဝတွင် ရီးယဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ယာမယ်ပြောကြား

ဘာစီလိုနာ ဖေဖော်ဝါရီ ၂၃

ဘာစီလိုနာအသင်း လူငယ်တိုက်စစ်ကစားသမား ယာမယ်က မိမိ၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝတစ်လျှောက်တွင် ရီးယဲလ်မက်ဒရစ်အသင်းထံ လုံးဝပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၁၇ နှစ်သာရှိသေးသည့် ယာမယ်သည် ဘာစီလိုနာအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်းအကယ်ဒမီထွက် ကစားသမားများတွင် အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ကာ ဘာစီလိုနာအသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနေသူဖြစ်သည်။

ယာမယ်သည် ၂၀၂၃ ခုနှစ်က အသင်းနှင့်အတူ စတင်ပါဝင်ကစားခဲ့ကာ လက်ရှိဘောလုံးလောကတွင် ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်ပြီး အင်တာဗျူး အစီအစဉ်တစ်ခုတွင် ရီးယဲလ်မက်ဒရစ်အသင်းထံ ပြောင်းရွှေ့ကစားရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းခဲ့ရာ ၎င်းက ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ဘာစီလိုနာအသင်းနှင့် ပြိုင်ဘက်ဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းထံ လုံးဝပြောင်းရွှေ့မည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;The Athletic*

# စပါးအသင်းနှင့်အတူ ဘောလုံးရာသီ ကိုးရာသီဆက် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၂၀ နှင့်အထက်ပြုလုပ်နိုင်သည့်မှတ်တမ်းကို တိုက်စစ်ကစားသမား ဆွန်ယောင်မင်ရရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၃

စပါးအသင်းတိုက်စစ်ကစားသမား ဆွန်ယောင်မင်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆)အဖြစ်ကစားသည့် အစ်ဗ့စ်ချ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီ ကိုးရာသီဆက် ပြိုင်ပွဲစုံဂိုးပါဝင်ပတ်သက်မှု (သွင်းဂိုးနှင့်ဂိုးဖန်တီးမှု) အကြိမ် ၂၀ နှင့်အထက်ပြုလုပ်နိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

စပါးအသင်းက အဝေးကွင်း၌ အစ်ဗ့စ်ချ်အသင်းကို ၄ ဂိုး– ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဆွန်ယောင်မင်သည် ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၂၆ မိနစ်တို့တွင် သွင်းယူနိုင်ခဲ့သည့် အသင်းဖော်ဂျွန်ဆင်၏သွင်းဂိုးနှစ်ဂိုးကို ဂိုးဖန်တီးမှုပြုလုပ်နိုင်ပြီးနောက် ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိရှိလာခဲ့ပြီး သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ် စုစုပေါင်းဂိုးပါဝင်ပတ်သက်မှု အကြိမ် ၂၀ ပြည့်မြောက်လာခဲ့ခြင်းဖြစ်သည်။

ဆွန်ယောင်မင်သည် စပါးအသင်းနှင့်အတူ ၂၀၁၆–၂၀၁၇ ဘောလုံးရာသီက သွင်းဂိုး ၂၁ ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်၊ ၂၀၁၇–၂၀၁၈ ဘောလုံးရာသီက သွင်းဂိုး ၁၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်၊ ၂၀၁၈–၂၀၁၉ ဘောလုံးရာသီက သွင်းဂိုး ၂၀ နှင့် ဂိုးဖန်တီးမှုကိုးကြိမ်၊ ၂၀၁၉–၂၀၂၀ ဘောလုံးရာသီက သွင်းဂိုး ၁၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်၊ ၂၀၂၀–၂၀၂၁ ဘောလုံးရာသီက သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၅ ကြိမ်၊ ၂၀၂၁–၂၀၂၂ ဘောလုံးရာသီက သွင်းဂိုး ၂၄ ဂိုးနှင့် ဂိုးဖန်တီးမှုရှစ်ကြိမ်၊ ၂၀၂၂–၂၀၂၃ ဘောလုံးရာသီက သွင်းဂိုး ၁၄ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်၊ ၂၀၂၃–၂၀၂၄ ဘောလုံးရာသီက သွင်းဂိုး ၁၇ ဂိုးနှင့် ဂိုးဖန်တီးမှုခြောက်ကြိမ်နှင့် ယခုဘောလုံးရာသီတွင် ရာသီမပြီးဆုံးမီ သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်ထားနိုင်ခဲ့ပြီး ကိုးရာသီဆက် ဂိုးပါဝင်ပတ်သက်မှု အကြိမ် ၂၀ နှင့်အထက်ပြုလုပ်နိုင်ခဲ့ပြီး စပါးအသင်းကိုလည်း အသင်းခေါင်းဆောင်အဖြစ် အကောင်းဆုံးဦးဆောင်လျက်ရှိကြောင်း သိရသည်။

*Ref;One Football*

# ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် လီဝှစ်စကယ်လီအနီကတ်ထပ်မံပြသခံရသည့်အတွက် အာဆင်နယ်အသင်း အနီကတ်ငါးကြိမ်အထိရှိလာ


လန်ဒန် ဖေဖော်ဝါရီ ၂၃

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၆) လန်ဒန်ဒါဘီပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းလူငယ်ကစားသမား လီဝှစ်စကယ်လီအနေဖြင့် အနီကတ်ပြသခံရပြီးနောက် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်း၏ အနီကတ်ပြစ်ဒဏ်အကြိမ်ရေမှာ ငါးကြိမ်အထိရှိလာကြောင်း သိရသည်။

အာဆင်နယ်အသင်းက ဝက်စ်ဟမ်းအသင်းကို ၁ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်၌ လီဝှစ်စကယ်လီသည် ပွဲချိန် ၅၆ မိနစ်တွင် ကယ်လာဖီအိုရီ၏နေရာ၌ လူစားဝင်ကစားပြီးနောက် ပွဲချိန် ၇၁ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြသခံရပြီး VAR စနစ်ဖြင့် ပြန်လည်ကြည့်ရှုစစ်ဆေးခဲ့သော်လည်း နောက်ဆုံးတွင် အနီကတ်ပြစ်ဒဏ်သာသတ်မှတ်ပြီး ထုတ်ပယ်ခြင်းခံခဲ့ရသည်။

လီဝှစ်စကယ်လီသည် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး အဓိကခံစစ်ကစားသမားအဖြစ် ပါဝင်လျက်ရှိသော်လည်း ပြီးခဲ့သည့်ဇန်နဝါရီလ ၂၅ ရက်က ကစားသည့် ဝုဖ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင်လည်း တိုက်ရိုက်အနီကတ်ပြသခံခဲ့ရပြီးနောက် မန်စီးတီးအသင်း၊ လက်စတာအသင်းတို့နှင့် ပွဲစဉ်ကို လွဲချော်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့်ပွဲစဉ်တွင် အနီကတ်ပြစ်ဒဏ်မှ ပြန်လည်ကင်းလွတ်ခဲ့ပြီးနောက် ပြန်လည်ပါဝင်ကစားသည့်ပွဲစဉ်တွင် ထပ်မံအနီကတ်ပြသခံရခြင်းဖြစ်ပြီး အသင်းသမိုင်းတစ်လျှောက်တွင် တစ်ရာသီအတွင်း အနီကတ်နှစ်ကြိမ်ပြသခံရသည့် အသက်အငယ်ဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*



- ❖ **နိုင်ငံတစ်နိုင်ငံ၏အင်အားသည် ပညာပေါ်တွင်အခြေခံ . . .**
- ❖ **ဗလငါးတန်ပြည့်ဝပြီး အသိဉာဏ်ပညာပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များသည် နိုင်ငံ၏အင်အား၊ နိုင်ငံ၏အနာဂတ်များဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၀၉ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့်ဆောင်ရွက်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင်တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၁၀၉ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို **စာမျက်နှာ ၁၅ ကော်လံ ၄ ❑**

# နီပေါ လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာနှင့်နီပေါသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

နီပေါလေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့်နီပေါအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ●**



# အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ၂၄-၂-၂၀၂၅ ရက်မှ ၂၇-၂-၂၀၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် **စာမျက်နှာ ၁၁ ကော်လံ ၁ ◆**

